# မိုးကြိုး
The Lightning သတင်းစဉ်

*( ၁၅-၁-၉၈ )ရက်နေ့တွင် စတင်တည်ထောင်သည်* | မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ် | ခရစ်နှစ် ၂၀၀၁ ခုနှစ် | အမှတ်(၁၈)



## ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

# မြန်မာ့ဒီမိုကရေစီရေးအတွက် ဆောင်ရွက်နေသူအားလုံး စုစည်းညီညွတ်ကြစေချင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် စကားလက်ဆောင်ပါး

နအဖစစ်အုပ်စုနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ အသွင်ကူးပြောင်းရေးဆိုင်ရာ အရေးပါလှသော အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို လျှို့ဝှက်ဆွေးနွေးနေကြောင်း သိရသည်။

နအဖစစ်အုပ်စုအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပူးပေါင်းပြီး ယာယီအစိုးရ ထူထောင်ချင်သော သဘောထားရှိကြောင်း၊ စစ်အုပ်စုနှင့် နီးစပ်သူများသာမက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပါ နီးစပ်သူများက ပြောဆိုကြောင်း၊ ထို့ပြင် အဆင့်မြင့်အီးယူ သံတမန်တဦးကလည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အနာဂတ် အရပ်သားအစိုးရလက်ထက်တွင် တိုက်ရိုက်ပါဝင်လိုသည့် ရည်ရွယ်ချက်မရှိဟု ယုံကြည်ရကြောင်း Sydney Morning Herald သတင်းစာထဲတွင် ဖော်ပြထားသည်။



**ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့သို့အသွား နအဖစစ်အုပ်စု၏ ပိတ်ဆို့တားဆီးမှုကြောင့် ဒလဘက်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်ရောက်လာသော ဒေါ်အောင်ဆန်းစုကြည်အား အဖွဲ့ချုပ်ဗဟိုဌာနချုပ်ရုံးရှေ့တွင် ပန်းစည်းများဖြင့် ကြိုဆိုနေစဉ်**

နအဖစစ်အုပ်စု အတွင်းရေးမှူး (၁)ဒု ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အနည်းဆုံး (၂)ကြိမ် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက်ပိုင်းတွင် ဗိုလ်ချုပ်ခင်ညွန့်၏ လက်ထောက် ဗိုလ်ချုပ်ကျော်ဝင်းကသာ အဓိကဆွေးနွေးနေခြင်းဖြစ်ပြီး တွေ့ဆုံမှု အနည်းဆုံး(၁၂)ကြိမ်ရှိနေပြီဟု သိရသည်။

ထို့ပြင် ဆွေးနွေးမှုများသည် ကနဦးအဆင့်တွင် ရှိနေသော်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရန် အခြေခံများကို ရှာဖွေညှိနှိုင်းသည့်အဆင့်သို့ရောက်နေပြီဟု ဗိုလ်ချုပ်ကျော်ဝင်းက အတည်ပြုပြောဆိုကြောင်း သိရသည်။

Sydney Morning Herald သတင်းစာက ဆက်လက်ဖော်ပြရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း အဆိုပါဆွေးနွေးမှုများကို ထောက်ခံကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ် ခင်ညွန့်တို့နှင့်နီးစပ်သောသတင်းရပ်ကွက်တခုကမူ နှစ်ဦးနှစ်ဘက်တို့သည် ယုံကြည်မှုတည်ဆောက်ရေးနှင့် အပြန်အလှန်နားလည်မှုရရေးကို ဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်ရေးစနစ်အတွက် လုပ်ငန်းစဉ်နှင့်နည်းလမ်းများကို ရှာဖွေ

စာမျက်နှာ(၂) ကော်လံ(၄)သို့.

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ ပုံမှန်ရုံးတက်နေပြီဟုသိရ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား နေအိမ်အကျယ်ချုပ်ဖြင့် ထိမ်းသိမ်းထားသော်လည်း အခြားခေါင်းဆောင်များအနေဖြင့် ပုံမှန် ရုံးတက်နေကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ထားပြီး နအဖမှ တွေ့ဆုံဆွေးနွေးနေစဉ်အတွင်း အနည်းငယ် ဝလာသည်ဟု ဆိုသည်။ ထို့ပြင် ဆွေးနွေးနေသော နိုင်ငံရေးအခြေအနေများလည်း ကောင်းမွန်သည်ဟု ယူဆရကြောင်း၊ ဦးလွင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တပတ်လျှင်(၃)ကြိမ် တွေ့ဆုံနေသည့်အပြင် ညနေ(၅)နာရီမှ (၈)နာရီအထိ ကြာမြင့်တတ်ကြောင်း ရရှိသောသတင်းအရ သိရသည်။



**အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်နေအိမ်အား လမ်းထိပ်မှ တွေ့မြင်ရစဉ်**

နအဖစစ်အုပ်စုအား လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားခွင့်တောင်းရာ တရားဝင် မပေးကြောင်း၊ အဖွဲ့ချုပ်မှ ဆိုင်းဘုတ်တင်ခြင်း၊ရုံးများဖွင့်လှစ်ခြင်းကို စတင်ပြုလုပ်နေရာ စစ်ကိုင်းနှင့် မန္တလေးတိုင်းတို့တွင် စည်ရုံးရေးလုပ်ငန်းများ လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

တိုင်းတခုလျှင်(၂၀)ဦးခန့် ရန်ကုန်ရုံးချုပ်သို့ အစည်းအဝေးလာတက်ရာ သွားရေးလာရေး အဆင်ပြေကြောင်း၊ ရန်ကုန်မြို့ရှိ မြို့နယ်အလိုက် ရုံးခွဲများလည်း ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပဲခူးတိုင်းအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအား မနှောင့်ယှက်ရန်၊အမှုဆင်ဖမ်းဆီးခြင်းများ မပြုလုပ်ရန် နအဖစစ်အုပ်စုက ရဲစခန်းများသို့ ညွှန်ကြားထားသည်ဟု သိရသည်။ ❖

## ဆရာကြီး မင်းသုဝဏ် စာရေးသားခွင့်ရရှိပြီ



နအဖစစ်အုပ်စု၏ ညွှန်ကြားချက်ကြောင့် စာပေစိစစ်ရေးမှ ဆင်ဆာဖြတ်တောက်ခြင်း အကြိမ်ကြိမ်ခံနေရသော ခေတ်စမ်းစာဆိုကြီး ဆရာကြီးမင်းသုဝဏ်၏စာများကို ဆက်လက်၍ ဆင်ဆာဖြတ်တောက်ခြင်း ပြုတော့မည်မဟုတ်ဟု ရန်ကုန်မြို့မှရရှိသော သတင်းအရ သိရှိရသည်။

ဆရာကြီးမင်းသုဝဏ်က စာရေးသားခြင်းမပြုတော့ဟု ကြေညာခဲ့ပြီးနောက်ပိုင်း မကြာမီ ယခုကဲ့သို့သော သတင်းထွက်ပေါ်လာခြင်းဖြစ်ကြောင်းလည်း သိရသည်။

၁၉၉၅ခုနှစ်၊ ဇွန်လကလည်း ဆရာကြီးမင်းသုဝဏ်အား ဂုဏ်ပြုထုတ်ဝေခဲ့သည့် “စာပေဂျာနယ်” အတွဲ(၂)အမှတ်(၁၀)တွင် ဆရာကြီး၏ ဓာတ်ပုံများ မျက်နှာဖုံး၌သာမက အတွင်းစာမျက်နှာများတွင်ပါ အသုံးမပြုရဟု တားမြစ်ပိတ်ပင်ခြင်း ခံခဲ့ရသေးသည်။

ယခုကဲ့သို့ နအဖစစ်အုပ်စု၏ စာပေစိစစ်ရေးမှ ဆင်ဆာဖြတ်တောက်ခြင်းမပြုတော့ဟု သတင်းထွက်ပေါ်လာသော်လည်း မြန်မာနိုင်ငံအတွင်း ထုတ်ဝေနေသည့် မဂ္ဂဇင်းများတွင် ဆရာကြီးရေးသားသောစာများ မတွေ့ရသေးဟု ထပ်မံသိရှိရပါသည်။ ❖

## ဗိုလ်ချုပ်ကြီးမောင်အေးအား လုပ်ကြံမည်ဟု သတင်းထွက်



နအဖစစ်အုပ်စု၏ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးအား လုပ်ကြံမည့်သတင်း ဖေဖော်ဝါရီလ(၂၈)ရက်နေ့က ထွက်ပေါ်ခဲ့သည်။

သတင်းအစုံအလင်မှာ ဖေဖော်ဝါရီလ(၁၈)ရက်နေ့ နံနက်(၉)နာရီအချိန် နအဖ စစ်အုပ်စု၏ ၂၀၀၀ပြည့်နှစ် လေးလပတ်အစည်းအဝေး စတင်ကာနီးတွင် ဗိုလ်ချုပ်ကြီး မောင်အေးအား အဆိုပါအစည်းအဝေးတွင် လုပ်ကြံမည်ဟုသတင်းရကြောင်း၊ ထိုသတင်းကို မိမိလူများထံမှဗိုလ်ချုပ်ကြီးမောင်အေးကြားသိရပြီး အစည်းအဝေး မတက်တော့သည့်အပြင် ထိုလေးလပတ်အစည်းအဝေးကိုပါ ဖျက်ပစ်လိုက်သဖြင့် ခမ်းမအတွင်း ရုတ်ရုတ်သဲသဲဖြစ်ခဲ့သည်ဟု ဆိုသည်။

တဖန် ရရှိသောသတင်းအရ ဆက်လက်စုံစမ်းမှုများပြုလုပ်ပြီး စစ်ဦးစီးမှူး ဒုတိယတန်းအဆင့်ရှိ ဗိုလ်မှူး(၂)ဦး၊အရာခံဗိုလ်(၁)ဦး၊အခြားအဆင့်(၃)ဦးတို့အား ဗိုလ်ချုပ်ကြီးမောင်အေးကို လုပ်ကြံရန် ကြံစည်မှုဖြင့် ထိုနေ့မှာပင် ဖမ်းဆီးခဲ့ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအတွင်း အသွားအလာများကို ကန့်သတ်လိုက်ပြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေ(၃)မှ တပ်ရင်းတရင်းခေါ်ယူကာ ဗိုလ်ချုပ်ကြီးမောင်အေး နေအိမ်အတွက် လုံခြုံရေးရယူခိုင်းကြောင်း၊ကာကွယ်ရေးဝန်ကြီးဌာန၊တပ်မတော်ထောက်လှမ်းရေးမှ ဒုဗိုလ်မှူးကြီး(၂)ဦးနှင့် အထက်အရာရှိကြီး(၁)ဦးတို့ကို လုပ်ကြံမှုသတင်း ကြိုတင်မထောက်လှမ်းနိုင်မှုနှင့် မတ်လ(၁)ရက်နေ့က ထပ်မံဖမ်းဆီးလိုက်ကြောင်း သိရသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ဖူးကြီးတပ်နယ်ရှိ စကခ(၄) လက်အောက်ခံ တပ်ရင်း(၆)ရင်းအား ရန်ကုန်မြို့တွင်းသို့ မတ်လ(၁)ရက်နေ့က ရွှေ့ပြောင်းလာစေခဲ့သည်ဟု သိရှိရသည်။ ❖

**တိုင်းပြည်တပြည်တွင် အစိုးရမရှိပါက အရေးမကြီးပါ... သတင်းစာရှိဖို့သာ အရေးကြီးပါသည် ...... အမေရိကန်သမတ သောမတ် ဂျက်ဖာဆင်( ၁၇၄၃-၁၈၂၆ )**

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## အမျိုးသားညီညွတ်ရေးနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးပေါ်ထွန်းလာရေး

ယခုလောလောဆယ် ပြုလုပ်လျက်ရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖ စေ့စပ်ပွဲသည် ကျနော်တို့ ဗမာပြည်၏ ထူးခြားချက်ဖြစ်သည်ဟု ဆိုရပေမည်။ ယခင်က ပြုလုပ်ခဲ့ကြသည့် စေ့စပ်ဆွေးနွေးပွဲများနှင့် မတူပေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်ပါတီဖြစ်ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် ပါတီလည်းဖြစ် သည်။ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တရားဝင် အစိုးရတပိုင်း (semi de jure) ဟု ပြောနိုင်ပေသည်။ အခြားတဖက်တွင် နအဖမှာမူ လက်ရှိအစိုးရအာဏာကို ကိုင်ထားသည့်အစိုးရ(de-facto government)ဖြစ်သည်။ ကမ္ဘာတွင် ဤကဲ့သို့သော ဖြစ်ရပ်မျိုး အလွန်ရှားပါသည်။

ဤစေ့စပ်ဆွေးနွေးပွဲသည် ယခင် ၁၉၆၃ ခုနှစ်က စစ်အုပ်စုပြုလုပ်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲနှင့် မတူပေ။ခေတ် အခြေအနေလည်း ကွာခြားသည်။ ၆၃ ခုနှစ် စေ့စပ်ဆွေးနွေးပွဲသည် စစ်အေးခေတ်ကာလတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခု အချိန်မှာမူ စစ်အေးခေတ်သည် ကုန်စပြုနေသည့်အချိန်ဖြစ်သည်။ ယနေ့ဗမာပြည်ကို စိတ်ဝင်စားကြသူ များလာနေသည်။ အိမ်နီးချင်းနိုင်ငံအားလုံး၊ အာစီယံ၊ဂျပန်၊ဩစတြေးလျနှင့်အမေရိကန်ပြည်ထောင်စု စသည်များဖြစ်ကြသည်။

ဤစိတ်ဝင်စားကြသူများသည် ဗမာပြည်ပြဿနာဖြေရှင်းရေးတွင် မတူကွဲပြားသည့်နည်းနာမျိုးစုံကို ကိုင်ထားနေကြသည်။ ဥပမာ ပွဲဦးထွက် စင်ပေါ်တက်လာသည့် မဟာသီယာကိုလှေ့လာကြည့်ပါက သူသည် ဂျပန်အကြိုက်လုပ်လိုသည့် ကိုယ်စားလှယ်ဖြစ်သည်။ ဗမာပြည်တွင် ဒေါ်လာသန်းငါးရာကျော် ရင်းနှီးမြှုပ်နှံထားသည့် မလေးရှား၏ အကျိုးစီးပွားကိုကြည့်ပြီး စကားပြောသူလည်းဖြစ်သည်။ မဟာသီယာမှ ပြောဆိုသွားခဲ့သည့် "ရွေးကောက်ပွဲသစ်" ဆိုသည်မှာ သွေးတိုးစမ်းချင်သည့် နအဖ အငှားပါးစပ်ဖြင့် ပစ္စည်းနာမည်လောက်ကိုသာ ကြော်ငြာသွားချင်း၊ လမ်းညွှန်သွားခြင်းဖြစ်သည်။ မည်ကဲ့သို့သော "ရွေးကောက်ပွဲသစ်" ဖြစ်ရမည်ကို ဖော်ပြထားခြင်းမရှိဘဲ ရှောင်ထားပါသည်။

"ရွေးကောက်ပွဲသစ်"ကို အမှန်တကယ်လုပ်လိုပါက အောက်ပါလုပ်ငန်းများကို ဦးစွာပြီးစီးအောင် လုပ်ထားရန် လိုအပ်ပါသည်။

(၁) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်အတိုင်း လွှတ်တော်ကို အရင်ဆုံးခေါ်ရမည်။

(၂) လွှတ်တော်မှ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အပြီးရေးဆွဲကာ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုရမည်။

(၃) တိုင်းပြည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် ရလာမှသာ ရွေးကောက်ပွဲသစ်ကို ပြုလုပ်ရမည်။

မဟာသီယာ ပြောသွားခဲ့သည့် "ရွေးကောက်ပွဲသစ်" မှာမူ ဤအတိုင်းဟုတ်မည်ဟု ယူဆ၍မရပါ။ မဟာသီယာ၏ အဖြစ်နိုင်ဆုံး ဆိုလိုချက်မှာ စစ်အုပ်စုရေးဆွဲနေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လက်ရှိစစ်ဗိုလ်နှင့် စစ်ဗိုလ်ဟောင်းများသည် ရွေးကောက်ပွဲမဝင်ဘဲ အမတ်များအဖြစ် ၂၅ ရာခိုင်နှုန်း ခွဲတမ်းပေးရမည့် ရွေးကောက်ပွဲသာ ဖြစ်သည်။

ဤနေရာတွင် စစ်အုပ်စု အဘယ်ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆွေးနွေးရသည်ကို အနည်းငယ် စောကြောရန်လိုပေမည်။ အမှန်ပြောရလျှင် စစ်အုပ်စုအဖို့ "အနာဂတ် ဦးဆောင်မှုအခန်း" ဆိုသည်ကို အာမခံသည့်အခြေခံဥပဒေအား အမြန်အတည်ပြုလိုသည်။ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကသာ အခြေခံဥပဒေအပါဝင် ဥပဒေအားလုံးရေးဆွဲခွင့်ရထားသည့် အာဏာမဲ့ ပါတီဖြစ်နေသည်။ ဤသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖ စစ်အုပ်စုအကြား ကွဲလွဲမှု အလွန်ကြီးပါသည်။ ဤကွဲလွဲမှုကို စစ်အုပ်စုက ဖျက်ပစ်ချင်သည်။ယင်းကြောင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

စစ်အုပ်စုသည် ရွေးကောက်ပွဲ မဝင်ရဘဲ အမတ် (၂၅)ရာခိုင်နှုန်း အသားလွတ်ရလိုသည်။လုပ်နည်းမှာ လူကို ပြန်ပေးဆွဲပြီး ရပိုင်ခွင့်ကိုတောင်းနေသည့် ပုံစံဖြစ်သည်။တချိန်တည်းတွင် စစ်အုပ်စုသည် အောက်ပါတို့အား ဖော်ထုတ်လျက်ရှိသည်ကို တွေ့ရသည်။

(၁) ဘင်္ဂလားဒေ့ရှ်ကိစ္စ နတ်မြစ်ကမ်းဘေး၌ ရေကာတာ တည်ဆောက်ခြင်း၊

(၂) စစ်တွေမြို့၌ ဗုဒ္ဓဘာသာနှင့် မွတ်စလင်အရေးကိစ္စ ဖန်တီးခြင်း၊

(၃) ထိုင်း–ဗမာ နယ်စပ် တာချီလိတ်ဘက်တွင် ပြင်းထန်သည့် တိုက်ပွဲများ ပြုလုပ်နေခြင်းတို့ဖြစ်သည်။

ဤကိစ္စအားလုံးသည် စစ်အုပ်စု၏ဆန္ဒအပေါ် မူတည်၍ ဖြစ်ပေါ်လာခဲ့ခြင်းသာဖြစ်သည်။ ယခုပေါ် ယခုပျောက် နှစ်ခုစလုံးကို စစ်အုပ်စုကသာ လုပ်နိုင်သည်။အဘယ့်ကြောင့် ဤကဲ့သို့လုပ်သနည်း။ရှင်းပါသည်။ စစ်အုပ်စုကသာလျှင် တပြည်လုံးကို စုစည်းထိန်းချုပ်ထားနိုင်သည်။ပြင်ပရန်ကို ကာကွယ်နိုင်သည်။ တပ်မတော်သာလျှင် အားကိုးစရာ ဖြစ်ကြောင်းကို ပြသလိုခြင်းဖြစ်သည်။ ဤနည်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ဆွေးနွေးရာတွင် ဈေးဆစ်၍ကောင်းအောင် အချက်အလက်များကို ဖန်တီးပြနေခြင်းသာ ဖြစ်သည်။

မိုးကြိုးသတင်းစာ၏ စာတည်းအဖွဲ့အနေဖြင့် ငြိမ်းချမ်းပြီး ဒီမိုကရေစီရှိသည့်အခြေခံပေါ်တွင် အမျိုးသားညီညွတ်ရေးနှင့် ၂၁ရာစုကမ္ဘာကြီး၌ ဗမာပြည် ထိုက်ထိုက်တန်တန် အဆင့်နေရာရရှိရေးအတွက် အဓိကရည်မှန်းပြီး အောက်ပါတို့အား လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါသည်။

(က) ၁၉၈၈ခုမှ ၂၀၀၀ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် ပြဿနာများကို ရည်တို၊ရည်ရှည် လုပ်ငန်းများအဖြစ် ခွဲခြားကာ အရင်ရှင်းရန် လိုသည်။

(ခ) ဤလုပ်ငန်းများအား အောက်ပါ ခြေလှမ်းသုံးလှမ်းဖြင့် ဖော်ဆောင်သင့်သည်။

**ပထမခြေလှမ်း**–၈၈ ခုနှစ်နောက်ပိုင်းတွင် ဖွဲ့စည်းခဲ့သည့် နိုင်ငံရေးပါတီအားလုံးကို ၎င်းတို့၏ဆန္ဒရှိပါက တရားဝင်နေရာပြန်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရေးနှင့် ဗိုလ်မှူးအောင် အမှူးပြုသည့်အဖွဲ့အား တရားဝင် အသိအမှတ်ပြုရေး။

**ဒုတိယခြေလှမ်း**–၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည့် အင်အားစုအားလုံးနှင့် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် စေ့စပ်ဆွေးနွေးရေး။

**တတိယခြေလှမ်း**–၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံရေးအရ ပဋိပက္ခဖြစ်နေသော အင်အားစုများနှင့် နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးရေးတို့ပင် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ၉၀ ခုနှစ်ရွေးကောက်ပွဲအား ပြည်ဖုံးကားချ မလုပ်သင့်ပေ။ အသက်ထင်ရှားရှိနေသေးသည့် ရွေးကောက်ခံရသူ အားလုံးပါဝင်သည့် လွှတ်တော်ကိုခေါ်ပြီး ယခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်အုပ်စုတို့ စေ့စပ်ထားသည့် ရလဒ်ကို တင်သွင်း အတည်ပြုသင့်သည်။ သို့မှသာ ပြည်သူလူထုအား လေးစားရာရောက်မည်ဖြစ်ပြီး တိုင်းပြည်အတွက်လည်း မုချ အကျိုးရှိမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**ကိုယ့်ရဲ့ ယုံကြည်ချက်အပေါ်မှာ သစ္စာရှိပါ**
**ကိုယ့်ရဲ့ ရဲဘော်ရဲဘက်တွေအပေါ်မှာ သစ္စာရှိရမယ်**
**ရန်သူ့အပေါ်မှာ ကိုယ့်သဘောထားကြီးရမယ်**

## အတိတ်ကိုအကြောင်းခံ၊ ပစ္စုပ္ပန်ကိုမျက်မှောက်ပြု၊ အနာဂတ်ကိုရှေ့ရှု

လတ်တလော ဖြစ်ပေါ်နေတဲ့ သတင်းတွေအရ ဒေါ်အောင်ဆန်းစုကြည်နဲ့ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့် ဆိုသူတို့တွေ့ဆုံမှုကို သမိုင်းတွင်မယ့် တွေ့ဆုံပွဲလို့ ပြောနေကြပါတယ်။ သမိုင်းတွင်မယ်ဆိုလို့ သမိုင်းမှာဖြစ်ပျက်ခဲ့တဲ့ တွေ့ဆုံဆွေးနွေးပွဲနှစ်ခုကို အခြေခံပြီး လက်ရှိနဲ့ယှဉ်ကြည့်သင့်ပါတယ်။

ပထမက(၁၉၆၃)တော်လှန်ရေး ကောင်စီခေတ်က ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ။(၁၉၆၃) ဇြေ (၁)ရက်မှ ဇူလိုင်(၁၁)ရက်အထိ နိုင်ငံရေး အကျဉ်းသားအားလုံးကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တယ်။ ဇွန်(၁၁)ရက်ညမှာ"အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟု ဆို

### မတ်မျိုး

သူကိုယ်တိုင် ကြီးကြပ်တယ်။(၁၉၈၀) ပွင့်လင်းရာသီကုန်တဲ့အထိ တိုက်မနိုင်တဲ့အတွက် ဗျူဟာပြောင်းပြီးတိုက်ခဲ့တယ်။(၁၉၈၀)မေ(၂၈)ရက်မှာ လွတ်ငြိမ်းချမ်းသာခွင့် (၃)လပေးထားပြီး တော်လှန်ရေးအင်အားစုတွေကို "အိမ်က စိတ်ကောက်ပြီးထွက်သွားတဲ့ ညီငယ်တွေလိုသဘောထားပါတယ် " လို့ ဖိတ်ခေါ်ခဲ့တယ်။တဆက်တည်း(၁၉၈၀) ဇွန်လ(၇)ရက်နေ့မှာ နိုင်ငံ့ဂုဏ်ရည် ပထမဆင့် မတည်ငွေ ကျပ်(၂၀၀၀ဝိ)၊ လစဉ်ကြေး(၆၀ဝိ)။ ဒုတိယဆင့် မတည်ငွေ ကျပ်(၁၀၀၀ဝိ)၊လစဉ်(၂၀ဝိ) အပါအဝင် ကုန်ဝယ်ခွင့်ပါမစ်တွေ ထုတ်

စီးပွားရေး ဦးမော့လာပြီလို့ ပြောနေချိန်မှာ ပြည်သူလူထုရဲ့ စီးပွားရေးပဲ နစ်နေပြီလို့ ပြောနေခဲ့ကြပါတယ်။ ဒီကနေ့ နဝတ/နအဖ ခေတ်မှာတော့ တိုင်းပြည်စီးပွားရေးဟာ ဦးရော ပဲ့ပါမက တစင်းလုံးစုန်းစုန်းမြုပ်နေတဲ့ အခြေအနေပါ။အခုဆွေးနွေးပွဲ လုပ်နေတယ်ဆိုတဲ့ အချိန်မှာတောင်NLD ရဲ့ ခေါင်းဆောင်မှုဟာ ခွဲအထားခံနေရပြီး တချို့ဟာအကျယ်ချုပ် ချခံနေရတာပါ။

လူဟာ ကိုယ့်သမိုင်း ကိုယ်ရေးကြသူချည်းပါ။ အကောင်းရေးသလား။ အဆိုးရေးသလား။ကိုယ် ကိုယ်တိုင်ရေးတဲ့ သမိုင်းကို ကိုယ် ကိုယ်တိုင်နဲ့ ကိုယ့် ဆွေစဉ်မျိုးဆက် ဖတ်ရကြဖို့ မျက်နှာမငယ်ကြဖို့ အရေးကြီးပါတယ်။



တော်လှန်ရေး အစိုးရကြောင့် ပျက်ပြားသွားခဲ့ရသည့် ၁၉၆၃ခုနှစ်က ပြည်တွင်းငြိမ်းချမ်းရေး မြင်ကွင်း

လျှင် သို့မဟုတ် အခြားအကြောင်းများရှိနေကြသေးလျှင် တော်လှန်ရေးကောင်စီသည် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဤပြဿနာအဝဝကို ကူညီဖြေရှင်းလိုကြောင်း ကမ်းလှမ်းလိုက်ပါသည်" စတဲ့အချက်တွေပါတဲ့ ကမ်းလှမ်းချက်ထွက်ပေါ်လာခဲ့တယ်။ ဆက်ပြီးတော့ အဲဒီခေတ်က တော်လှန်ရေး ခေါင်းဆောင်တွေအပေါ် ထုန်ပြန်ထားတဲ့ ဆုငွေတွေကို ရုပ်သိမ်းပေးခဲ့တယ်။ ဆွေးနွေးပွဲလာတဲ့ အဖွဲ့အစည်းတွေ သတင်းစာရှင်းလင်းပွဲ လုပ်လို့ရခဲ့တယ်။ဆွေးနွေးပွဲဟာ(၁၉၆၃)ဇွန်လ နောက်ဆုံးပတ်လောက်ကစပြီး တပြည်လုံးအပစ်အခတ်ရပ်စဲရေး အခြေခံတွေအပေါ် မကျေမလည်ဖြစ်ကြရင်း(၁၉၆၃) နိုဝင်ဘာမှာ ပျက်ခဲ့ရတယ်။

နောက်တခုက မ–ဆ–လ ခေတ် ဆွေးနွေးပွဲပါ။ ဦးနေဝင်းဆိုသူက သူမသေမီ ရှိသမျှရန်တွေကို ကုန်အောင်ရှင်းမယ်ဆိုပြီး မင်းရန်အောင်ထိုးစစ်အမည်နဲ့ (၁၉၇၉)နိုဝင်ဘာလလယ်က စပြီး မြောက်ပိုင်းအင်အားစုများဖြစ်တဲ့ CPB နဲ့KIOကို စစ်ရေးအရ ဖိတိုက်ခဲ့တယ်။မန္တလေးနန်းတွင်းမှာ အဲဒီတုန်းကကာလပေါက်ဈေး သိန်း(၄၀)ကျော် တိုက်တလုံးဆောက်ပြီး အဲဒီစစ်ပွဲကို

ပေးခဲ့တယ်။

လွတ်ငြိမ်းချမ်းသာခွင့်ရက် ကုန်ဆုံးပြီးနောက်(၁၉၈၀) စက်တင်ဘာ(၂၃)ရက်နေ့မှာ CPBက ဦးနေဝင်းဆိုသူထံ တွေ့ဆုံဆွေးနွေးရေးအတွက် ကမ်းလှမ်းခဲ့တယ်။ ပြည်တွင်းပြည်ပ ပြည်သူလူထုရဲ့မျက်မှောက်မှာ ပြောင်ဆွေးနွေးဖို့ကို ဦးနေဝင်းကငြင်းပယ်ပြီး လျှို့ဝှက်ဆွေးနွေးခဲ့တယ်။ သခင်ဗသိန်းတင်နဲ့ဦးနေဝင်းဆိုသူတို့ တရုတ်ပြည်မှာ ပထမဆင့် ဆွေးနွေးခဲ့တယ်။ ဒုတိယဆင့်ကိုတော့ နှစ်ဘက် ကိုယ်စားလှယ်အဖွဲ့တို့ အရှေ့မြောက်ပိုင်းတိုင်းမှာဆွေးနွေးကြတယ်။CPBဘက် က နှစ်ဘက်အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးခဲ့ပေမယ့် မ–ဆ–လက သဘောမတူခဲ့ဘူး။အဲဒီအချိန်မှာ CPBနဲ့ မဟာမိတ်ပြုထားတဲ့ KIOနဲ့တော့ သမတအိမ်တော်ဝင်းမှာ ၁၉၈၀ အောက်တိုဘာလက စပြီး ၈လကြာ ဆွေးနွေးပွဲပြုလုပ်ခဲ့တယ်။ KIOနဲ့တော့ တရားဝင်မဟုတ်ပေမယ့် နားလည်မှုနဲ့အပစ်အခတ်ရပ်စဲထားခဲ့တယ်။ နောက်ဆုံးမှာ အဲဒီ(၂)ဖွဲ့နဲ့ဆွေးနွေးပွဲဟာလည်း ပျက်ခဲ့တယ်။

မဆလခေတ် ဆွေးနွေးပွဲ ကာလတုန်းက မဆလလူကြီးတွေက သူတို့ရဲ့

မမှားသောရှေ့နေ မသေသော ဆေးသမားစကားပုံလို လူဆိုတာ မှားတတ်ကြပါတယ်။ အမှားကိုမြင်ဖို့ ပြင်ဖို့လိုသလို မြင်ခွင့်ပြင်ခွင့်လည်း ပေးရမှာဖြစ်ပါတယ်။ပျက်အစဉ် ပြင်ခဏ ပါ။

လူဟာသေပြီးရင်တော့ အပ်ကျသံလောက်တောင် မပေးစွမ်းနိုင်တော့ပါဘူး။ တိုင်းပြည်အတွက် လတ်တလော အရေးတကြီး အလိုအပ်ဆုံး အမျိုးသားပြန်လည်သင့်မြတ်ရေးဆီ ဦးတည်ပြီး အပူတပြင်းကြိုးပမ်းကြရင်း ကိုယ့်သမိုင်းကို ကိုယ် အကောင်းဆုံး ရေးထိုးကြဖို့အခွင့်အလမ်းဟာ လက်ရှိ နအဖ စစ်ခေါင်းဆောင်တွေနဲ့ ကျနော်တို့အားလုံး အသက်ရှင်တုန်း ကျန်းမာတုန်း ပုဂ္ဂိုလ်တွေပဲရနိုင်တော့မယ်လို့ ပြောကြားလိုပါတယ်။

လောကမှာ ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဆိုတာမရှိပါဘူး။ ထာဝရအကျိုးစီးပွားပဲရှိပါတယ်။ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ ထာဝရအကျိုးစီးပွားပေါ်မှာအခြေခံကြပြီး အမှန်တကယ်အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်သွားကြဖို့လိုအပ်ကြောင်း တင်ပြလိုက်ပါတယ်။ ❖

## ရှေ့မျက်နှာဖုံး ဒေါ်အောင်ဆန်းစုကြည် စကားလက်ဆောင်ပါးမှ

နေကြောင်းပါရှိပါသည်။ အဆိုပါသတင်းရပ်ကွက်ကပင် ဒေါ်အောင်ဆန်းစုကြည်သည် သူမအနေဖြင့် အမှန်တကယ် အပေးအယူလုပ်ရန် အဆင်သင့်ရှိနေသော်လည်း နအဖဘက်မှ အမှန်တကယ်ရိုးသားမှုနှင့် အပေးအယူလုပ်ရန် အဆင်သင့်ရှိနေပြီလား၊မည်သို့သောလက္ခဏာပြမလဲဆိုသည်ကို စောင့်နေသည်ဟု ဆိုသည်။

ထို့ပြင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးနှင့် တွေ့ဆုံစဉ် မြန်မာ့ဒီမိုကရေစီရေးအတွက် ဆောင်ရွက်နေကြသော အဖွဲ့အစည်းများအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ် ရှိကြစေချင်ကြောင်း စကားလက်ဆောင် ပါးလိုက်သည်ဟု သံတမန်ရပ်ကွက်မှလာသော သတင်းအရ သိရှိရပါသည်။ ❖

# သတင်းစာဆရာကြီး ဦးဝင်းတင် ယူနက်စကိုမှပေးအပ်သောဆု ရရှိ



နအဖ စစ်အကျဉ်းထောင်အတွင်း နှစ်ရှည်ထောင်ဒဏ် ကျခံနေရသော သတင်းစာဆရာကြီး ဦးဝင်းတင်အား UNESCO ခေါ် ကုလသမဂ္ဂ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာအဖွဲ့မှ နှစ်စဉ်ပေးအပ်လေ့ရှိသော ကမ္ဘာ့ သတင်းစာလွတ်လပ်ခွင့်ဆုကြီးကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

သတင်းစာဆရာကြီး ဦးဝင်းတင်သည် ဟံသာဝတီသတင်းစာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်း တည်ထောင်သူများထဲတွင်လည်း တဦးအပါအဝင် ဖြစ်ခဲ့သည်။

ဆရာကြီးဦးဝင်းတင်အား ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည်ဟု အကြောင်းပြကာ နအဖစစ်အုပ်စုမှ ၁၉၈၉ခုနှစ်တွင် စတင်ဖမ်းဆီးခဲ့ပြီး ၂၀၀၈ ခုနှစ်အထိ ထောင်ဒဏ်ချမှတ်ထားသည်။

နအဖစစ်အကျဉ်းထောင်တွင်း အကျဉ်းကျခံနေရစဉ် ကျန်းမာရေး အခြေအနေဆိုးရွားလာခဲ့ရပြီး ၁၉၉၇ ခုနှစ်မှစတင်ကာ မကြာခဏ ဆေးရုံတက် ဆေးဝါးကုသရမှုများရှိခဲ့ပြီး ယခုလောလောဆယ်တွင်လည်း ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်ကုသနေရကြောင်း သိရသည်။

ယင်းကဲ့သို့ ကျန်းမာရေးအခြေအနေဆိုးရွားနေသော်လည်း နိုင်ငံရေး မလုပ်တော့ပါဘူးဟု ဝန်ခံချက်မပေးပါက ၂၀၀၈ ခုနှစ်အထိ အကျဉ်းချထားမည်ဟု နအဖစစ်အုပ်စုပြောကြားကြောင်း၊ ဆရာကြီးဦးဝင်းတင်က ယင်းကဲ့သို့ ခံဝန်ချက်ပေးရန်ငြင်းဆိုကြောင်းသိရပြီး ယူနက်စကို ဆုရွေးချယ်ရေးအဖွဲ့မှလည်း ဆရာကြီးဦးဝင်းတင်၏ ကျန်းမာရေးအတွက် စိုးရိမ်ကြောင်း၊ လွတ်မြောက်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်ဟု သိရသည်။ ❖

# အပြည်ပြည်ဆိုင်ရာ ကျောင်းသား ငြိမ်းချမ်းရေးဆု မင်းကိုနိုင်နှင့် ဗကသများအဖွဲ့ချုပ် ရရှိ

(၁၁)ကြိမ်မြောက် နိုင်ငံတကာ ကျောင်းသားပွဲတော်အား နော်ဝေးနိုင်ငံ ထရောန်းဟိန်းမြို့တွင်ကျင်းပရာ နိုင်ငံတကာမှ ကျောင်းသားကျောင်းသူ (၅၀၀) ခန့် တက်ရောက်ကြောင်း သိရသည်။



**ကိုသားညွန့်ဦး**
**ကျေးဇူးတင်စကားပြောကြားနေစဉ်**

အဆိုပါကျောင်းသားပွဲတော် ကျင်းပသည့်ကာလအတွင်း နော်ဝေးနိုင်ငံအခြေစိုက် ကျောင်းသားငြိမ်းချမ်းရေးဆုကော်မတီက ၂၀၀၀ ပြည့်နှစ်အတွက် အပြည်ပြည်ဆိုင်ရာ ကျောင်းသားငြိမ်းချမ်းရေးဆုကို မတ်လ(၈)ရက်နေ့က ချီးမြှင့်ရာ မြန်မာနိုင်ငံမှ ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ မင်းကိုနိုင်နှင့် ဗကသများအဖွဲ့ချုပ်က ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာကျောင်းသားငြိမ်းချမ်းရေးဆုအား နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ အတွင်းရေးမှူးအဖွဲ့ဝင် ကိုဘိုကြည်နှင့် ဗကသများအဖွဲ့ချုပ်၊ နိုင်ငံခြားရေးရာ ကော်မတီဝင် ကိုသားညွန့်ဦးတို့က အခမ်းအနားသို့တက်ရောက်ပြီး ဆုလက်ခံရယူကြောင်း သိရသည်။



**ကိုဘိုကြည်နှင့် ကိုသားညွန့်ဦး တို့အား**
**အခမ်းအနားတက်ရောက်လာကြသော**
**နိုင်ငံတကာကျောင်းသား၊ကျောင်းသူများနှင့်အတူ တွေ့ရစဉ်**




Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့် သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာ**
ကိုပုည

မိုးကြိုး သတင်းစဉ်သို့ ဆောင်းပါးများ၊ သတင်းများနှင့် ဝေဖန်အကြံပြုစာများ ပေးပို့ဆက်သွယ်နိုင်ပါသည်။

P.O. Box (91)
Mae Sod, 63110
Tak
Thailand.
binamojo@cscoms.com

# ခေတ်သစ်ကျွန်ပိုင်ရှင်များနှင့် ခေတ်သစ်ကျေးကျွန်များ

**ရွှေကရင် (ဘားအံမြေ)**

ကျွန်ုပ်တို့၏ကမ္ဘာကြီးတွင် တည်မှီ အသက်ရှင်နေထိုင် လှုပ်ရှားနေကြရသည့် ကမ္ဘာ့လူသားထုများအတွင်း၌ ကောင်းကျိုး၊ဆိုးကျိုးအထွေထွေ ကြုံတွေ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်များ ရှိမည်ဖြစ်သော်လည်း ကမ္ဘာ့မျက်နှာပြင်မှ အချို့သောလူသားများအနေဖြင့် လူသားတစ်ရပ်၏ မွေးရာပါအခွင့်အရေးလောကသုခကို ယနေ့ကာလတွင် စံစားခံစားကြရပြီဖြစ်သည်။ သို့သော်လည်း ကမ္ဘာ့လူသားထုအတွင်း ပါဝင်နေသည့် မြန်မာပြည်သူပြည်သားများအနေဖြင့် ထိုအခြေအနေကောင်းကျိုးနှင့် အလှမ်းဝေးလျက် ရှိနေသေးသည်။အမေရိကတိုက်သားများ တိရိစ္ဆာန်သဖွယ်ခံစားခဲ့ကြရသည့် ကျွန်ခေတ် ကျွန်စနစ်ဆိုးကဲ့သို့ သေစေရှင်စေ အဖြစ်ဆိုးကို ယနေ့ မြန်မာပြည်သူပြည်သားများ ဆက်လက်ခံစား ကြုံတွေ့ရဆဲဖြစ်သည်။ ထိုအခြေအနေဆိုးထဲမှ ယနေ့ထိတိုင် မလွတ်ကင်းသေးဘဲ ဆိုးဆိုးဝါးဝါးရင်ဆိုင်နေရသည့် လူသားများမှာလည်း တိုင်းရင်းသားလူနည်းစုများပင်ဖြစ်သည်။တနည်းအားဖြင့် ကိုယ်ပိုင်လွတ်လပ်မှုနှင့် အာဏာမဲ့နေကြသည့် မြန်မာပြည်သားအခြေခံ လူတန်းစားပင်ဖြစ်သည်။

ဘုရားမရှိ တရားမရှိ လူ့ယဉ်ကျေးမှု မဖွံ့ဖြိုးမတိုးတက်သေးသည့် ကျောက်ခေတ် ကြေးခေတ် သံခေတ် ကမ္ဘာဦးအစကာလများတွင် အုပ်စုကြီးသူက အုပ်စုငယ်အပေါ် မတရားအနိုင်အထက်ပြု တိုက်ခိုက်အုပ်စိုးနေရာမှ ယဉ်ကျေးမှုတစတစ ဖွံ့ဖြိုးတိုးတက်လာသည့်အတိုင်း ကမ္ဘာ့လူသားထုအတွင်း အတွေးအခေါ်အယူအဆများ ကူးလူးဆက်ဆံပေါင်းသင်း အတူယှဉ်တွဲနေထိုင်ခြင်းများကို တိုးတက်သောအမြင်တရားမျှတသောလုပ်ရပ်များဖြင့် အစားထိုးပြုပြင်ပြောင်းလဲလာသည့် အချိန်အခါအောက်တွင် မြန်မာနိုင်ငံ၌ လူများစု တိုင်းရင်းသား ဗမာလူမျိုးအပါအဝင် အခြားအခြားသော လူနည်းစုတိုင်းရင်းသားများ၏ ဘဝအခြေအနေမှန်မှာ ခေတ်နှောင်း ကျောက်ခေတ်၊ကြေးခေတ်၊ သံခေတ် အခြေအနေများအတိုင်းပင် အာဏာရှိ အုပ်စိုးသူအဆက်ဆက်၏ မတရားနိုင်ထက်ပြုကျင့်မှု ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များအား ဖျောက်ဖျက်ဖျက်စီးမှုများ ကြုံတွေ့ခံစားနေရဆဲပင်ဖြစ်သည်။ လူသားများကို မဆိုထားဘိ၊တိရိစ္ဆာန်များ၏လွတ်ငြိမ်းအေးချမ်းခွင့်–အခွင့်အရေးများပင် သတ်မှတ်ပြဋ္ဌာန်းနေချိန်၌ လူသားအချင်းချင်း ချစ်ခင်ယိုင်းပင်းကူညီရမည့်အစား လူသားများ၏ မွေးရာပါအခွင့်အရေးများကို ပိတ်ပင်တားဆီးပျက်စီးအောင် ပြုနေသည်များမှာ အာဏာရှင်အုပ်စိုးသူများမှ ခေတ်လွန်ကျွန်စနစ်သို့ နောက်ပြန်ဆွဲသွားနေခြင်းသာ ဖြစ်ပေသည်။

မြန်မာပြည်၏အတိတ်လူမှုစနစ်တွင် တိုင်းရင်းသားများ၏နယ်ပယ်ဒေသအသီးသီးအား အင်အားကြီးထွားသည့် ပဒေသရာဇ်ကေရာဇ်မင်းများက အင်အားသုံး တိုက်ခိုက်သိမ်းပိုက်ပြီး ဘဏ္ဍာဆက် ဩဇာခံအုပ်ချုပ်ခြင်း၊ အင်ပါယာတိုးချဲ့သတ်မှတ်သိမ်းသွင်းခြင်း၊ စစ်ရှုံးသူမှ စစ်နိုင်သူအား အရှင်သခင်အဖြစ်အသိအမှတ်ပြုရ၍ ကျွန်သဘောက်ကဲ့သို့ ခယဝပ်တွား အလုပ်အကျွေးပြုရခြင်းများသည် မြေရှင်ပဒေသရာဇ်ခေတ် တလျှောက်လုံးတွင် ကျင့်သုံးဖြစ်တည်နေခြင်းများမှာ ငြင်းကွယ်၍မရသည့် သာဓကဖြစ်ရပ်များဖြစ်သည်။ ထိုအဖြစ်သနစ်များသည် တိုးတက်နေသည့် ယနေ့ကမ္ဘာအခြေအနေနှင့်အချိန်ကာလတွင် မြေမြှုပ်သင်္ဂြိုလ်သင့်ပြီဟု ယူဆယုံကြည်သည်။

သို့သော်ငြားလည်း ယနေ့ခေတ် မြန်မာနိုင်ငံအတွင်း၌ ကျွန်ပိုင်ရှင် သခင်များနှင့် ကျွန်အသွင်အဖိနှိပ်ခံနေရ၊ ညှဉ်းပန်းနှိပ်စက် ကျွန်ပြုခြင်းခံနေကြရသည့် အင်အားနည်းတိုင်းရင်းသားအပေါင်းမှာ တည်ရှိဆဲ၊ ကြုံတွေ့ခံစားနေရဆဲ ဖြစ်ရှိနေသည်ကို မြန်မာသိ၊ ကမ္ဘာသိပင်ဖြစ်သည်။ခေတ်သစ် ကျွန်ပိုင်ရှင်များနှင့် ကျွန်သဘောက်များအဖြစ် ပုံရိပ်ထင်နေသည့် မြန်ပြည်တလွှား နေရာဒေသအနှံ့အပြား၌ အမှန်တကယ်ဖြစ်တည်နေသည်။ မြန်မာပြည် သူလူထု၏ လက်တွေ့ဘဝကို စေ့စေ့စပ်စပ်သုံးသပ်ရလျှင် နယ်ချဲ့အရင်းရှင်ခေတ်၌လည်း ခေါင်းပုံဖြတ်သွေးစုပ် အမြတ်ထုတ် ကျွန်ပြုခံရ၏။ မြေရှင်ပဒေသရာဇ်ခေတ်၌လည်း နယ်မြေတိုက်ခိုက်သိမ်းပိုက်အုပ်ချုပ် ကျွန်ပြုခံရ၏။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း အာဏာရအုပ်စိုးသူအဆက်ဆက်၏အသွင်သစ်ကျွန်စနစ်ဖြင့် ကျွန်ပြုခံရပြန်သည်။ ယနေ့နောက်ဆုံး လက်ရှိအုပ်စိုးနေသည့် န–အ–ဖခေတ်တွင်မူ ပို၍ပို၍ပင်ကျွန်ပြုခံရပြန်သည်။ လူမွေးလူတောင်ကျွတ်ကာ လူလုံးမပြောင်ဖြစ်ရှိလာပေသည်။ကမ္ဘာ့အလယ်၌ မြန်မာပြည်သူများမျက်နှာငယ်ရသည်။ တပါးနိုင်ငံ၌ တပါးနိုင်ငံသားများနှင့် တန်းတူရည်တူပခုံးချင်းမယှဉ်နိုင် ပင်ကိုယ်အရည်အချင်းရှိလျက် သခင်နှင့် ကျွန်စနစ်လောင်းရိပ်အောက်ကို ကြုံတွေ့ဖြတ်သန်းလာရခြင်းအတွက် မျက်မှောက်ဘဝ၌ ဒုက္ခခံစားကြရ၏။ အကြောက်တရားများလွှမ်းမိုးနေ၏။ ပြည်သူပြည်သားများ၏ လက်တွေ့ဆိုးမွေများကို တချိန်တည်းနှင့် ဖော်ပြရေးသား၍ ကုန်နိုင်ဖွယ်မရှိပြီ။

ကျွန်ုပ် မကြားမသိ မမြင်ရသည့် အဖြစ်အပျက်ဆိုးမွေ အများအပြား၊ အခြားအခြားသော မြန်မာပြည်ဒေသများ၌ ဖြစ်တည်နေမည်မှာ သံသယမဖြစ်ရှိပါ။ကျွန်ုပ်ချက်မြှုပ်ဇာတိရပ်မြေ ကရင်ပြည်နယ်ဒေသအတွင်း၌ပင်လျှင် နှံ့နှံ့စပ်စပ်အကုန်အစင် မဖော်ပြနိုင်သည်ကို ရိုးသားစွာဝန်ခံပါသည်။သို့ပါသော်လည်း ကရင်ပြည်နယ်အတွင်း ဖြစ်တည်နေသည့် ယနေ့ခေတ်သစ် ကျွန်ပြုစနစ်နှင့် ကျွန်–သခင် လူမှုအသိုင်းအဝိုင်း အခြေအနေ တစိပ်တပိုင်းမျှကို သတိချပ်နိုင်ရန် တင်ပြလိုပါသည်။ အုပ်စိုးသူအဆက်ဆက်သည် ကျွန်ုပ်တို့ကရင်အမျိုးသားများအပေါ် သံသယစိတ်၊ ရန်လိုစိတ်ဖြင့် အမြဲတစေ ရှုမြင်ကြ၏။ နယ်ချဲ့လက်ပါးစေ လက်ဝေခံဟူ၍ စွပ်စွဲသမုတ်သည်။နယ်ချဲ့နှင့် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲများအတွင်း ကရင်အမျိုးသားများ၏ စွမ်းနိုင်သည့်အခန်းကဏ္ဍမှ တိုင်းရင်းသားလူမျိုးစုများနှင့် လက်တွဲပါဝင်တိုက်ပွဲဆင်ခဲ့သည်ကို မျက်ကွယ်ပြုကြသည်။ မသိကျိုးကျွံပြုသည်။ ယနေ့လက်ရှိ(န–အ–ဖ)၏ထိပ်တန်းစာရင်းဝင် ယခင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖြစ်သူ ဗိုလ်ချုပ်မောင်လှ၏ "နောင်တချိန် ကရင်အမျိုးသားများအားရုပ်ထုအဖြစ်ဖြင့်သာ ပြတိုက်များ၌တွေ့မြင်စေရမည်"ဟူသည့် တရားမဲ့–ကရုဏာမဲ့ ကြိမ်းဝါးသံများ၊ လက်ရှိ ဒု ဥက္ကဋ္ဌဖြစ်သူဗိုလ်ချုပ်ကြီး မောင်အေးမှ လူမျိုးတစ်မျိုး၏ အမှတ်သင်္ကေတ အထွဋ်အမြတ်ထား ဦးထိပ်ပန်သည့် ကရင်အမျိုးသားအလံတော်ကို အောက်လမ်းနည်းဆန်ဆန် ခြေဖြင့်နင်းချေ ဂုဏ်သရေနိမ့်စေခဲ့သည့် လုပ်ရပ်များသည် ကရင်လူမျိုးအပေါ်အဆုံးစွန်ဖိနှိပ်ခြင်းဖြစ်သည်။ ကရင်ပြည်နယ်အတွင်း KNU, KNLA, KNDO အစရှိသည့် ကရင်အမျိုးသား ကျွန်ဘဝလွတ်မြောက်ရေးတိုက်ပွဲဝင် ဦးဆောင်အဖွဲ့အစည်းများအား ချေဖျက်တိုက်ခိုက်ခဲ့ခြင်းများတွင် အပြစ်မဲ့ကရင်ပြည်သူလူထု ကျား၊မ ကြီးငယ်မရွေးအား လူမဆန်သည့်နည်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်၏။မုဒိန်းကျင့် သတ်ဖြတ်၏။ မတရား မဟုတ်မမှန် စွပ်စွဲကာ ဆန္ဒရှိသလို ပြုမူ၏။

မရှိသည့်အရာကို မေးသည်။ မမှန်ကန်သည့် အကြောင်းအရာကို ဝန်ခံစေ၏၊ခွန်းတုန့်ပြောဆို ရှင်းလင်းဖြေရှင်းခွင့်မရှိ၊ ပိုမိုဆိုးဆိုးဝါးဝါး ခံစားကြရသူများမှာ အမျိုးသမီးများ ဖြစ်သည်။လူ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်လျက် ကာမပိုင်လင်ယောကျ်ား ရှိ/မရှိ ဂရုမပြု၊ မိဘဆွေမျိုးမောင်နှမရှေ့မှောက်

စာမျက်နှာ(၅) ကော်လံ(၄)သို့

## ဗမာပြည်က HIV ရောဂါပိုး စွဲကပ်နေသူတစ်ဦးရဲ့ ဘဝ နေဝင်ချိန်

နာမည်က **မအိ** တဲ့....

သီပေါကရှမ်းမလေး တယောက်ပါ။အဖေကရဲ၊အောက်ခြေရဲ အမှုထမ်းတယောက်သာဖြစ်တော့ စားဝတ်နေရေးကျပ်တည်းတယ်။ ဒီလိုနဲ့ **မအိ** တယောက် နယ်စပ်ဘက်ထွက်လာတယ်။ပထမ မူဆယ်။ မူဆယ်ကနေ တရုတ်ပြည်ဘက်ခြမ်း ကျယ်ကောက်။

တိုတိုပြောရရင် ကျယ်ကောက်ရောက်တော့ ခန္ဓာကိုယ် ရင်းနှီးစားသောက်ရတဲ့ **လိုင်း** မလေးဖြစ်နေပြီ။ အသက်ကလဲ (၂၂) နှစ်ပဲရှိသေးတော့ အရွယ်ကောင်း ပန်းကောင်းအညွန့် ကျိုးဘဝ ဆိုက်ခဲ့ရပြီ။

**လိုင်း**ဖြစ်ရပြီဆိုမတော့ နောက်ဆက်တွဲတွေကပါ ကပ်ပါလာရတာ ထုံးစံ။အဲဒါက မူးယစ်ဆေးဝါး။ရိုင်းရိုင်းပြောရရင် **ဖာပိုး** လို့ ခေါ်ကြတယ် မဟုတ်လား။မအိ ဟာ ခန္ဓာကိုယ်ကို ရင်းနှီးစားသောက်ရင်း မူးယစ်ဆေးဝါးသုံးစွဲတတ်လာသူ။ ဖိုးစွဲသူ တယောက်လဲ ဖြစ်လာခဲ့ရပါတယ်။

တရုတ်ပြည်ဘက်က သူတို့နယ်မြေ ကျယ်ကောက်မှာ မူးယစ်ဆေးဝါးသမားတွေ၊ ပြည့်တန်ဆာတွေကို နှိမ်နင်းဖမ်းဆီးတော့ **မအိ** ဟာ ကျယ်ကောက်ကနေ ရွှေလီကိုပြေးလာတယ်။

ရွှေလီရောက်လို့ လေးငါးရက်လောက်ပါရှိဦးမယ်။ **မအိ** ပြဿနာပေါ်တယ်။ ပေါ်တဲ့ပြဿနာက ကုလားတယောက်နဲ့စကားများရတာ။ **မအိ** ကလဲ အဲဒီ ကုလားကို ဆဲဆိုပစ်လိုက်တယ်ဆိုတယ်။

ဒီလိုနဲ့ပဲ အဲဒီနေ့ညနေမှာပဲ အဲဒီကုလားက **မအိ** ကို အော်ဒါခေါ်သတဲ့။ ငွေလိုနေတဲ့မအိဟာ အော်ဒါကို လက်ခံပြီး လိုက်သွားတယ်။ ငွေလိုနေတော့ ဖြစ်လာနိုင်မယ့် အန္တရာယ်ကိုတောင် ထည့်စဉ်းစားနိုင်ဟန် မတူပါဘူး။

အဲဒီနေ့က(၂၈–၉–၂၀၀၀) ရက်နေ့ ညနေ။

ကုလားက **မအိ** ကို မြို့လယ်နဲ့ ဝေးတဲ့ မြို့စွန် ခြုံစပ်တွေကြားခေါ်သွားတယ်။

အချိန်ကလဲ မှောင်ရီပျိုးဖျား။

ခြုံစပ်တွေကြား လူသူမရှိတဲ့ နေရာမှာ အဲဒီကုလားက **မအိ**ကိုဓါးနဲ့ ထိုးတယ်။သေပြီထင်မှ သည်အတိုင်းထားပြီး ထွက်သွားသတဲ့။

**မအိ**ဟာ ဓါးဒဏ်ရာနဲ့ ချက်ချင်းသေမသွားခဲ့ပါဘူး။ ဝမ်းဗိုက်က ဓါးဒဏ်ရာကို သူ့လက်နဲ့ပိတ်ပြီး ဆိုက်ကားတစီးနဲ့ ဗမာတွေစုံရာ မြို့လယ်ဒေါင်းဝိုင်းဆီ ရောက်အောင်လာနိုင်ခဲ့တယ်။ သူ့ကို ဘယ်သူဓါးနဲ့ထိုးတယ်ဆိုတာ အသေးစိတ်ပြန်ပြောပြနိုင်ခဲ့တယ်။

ဒေါင်းဝိုင်းဘက် ဗမာတွေအကူအညီနဲ့ ဆေးရုံကြီးရောက်သွားတယ်။ ဆေးရုံကြီးက ဆေးတလုံးသွင်းပေးတယ်။ပြီးတော့ ထုံးစံအတိုင်း ဆေးဖိုးဝါးခ ယွမ်သုံးထောင် ကြိုတင် အတင်ခိုင်းတယ်။ **မအိ**အတွက် ယွမ်သုံးထောင်ကို ဘယ်သူကမှတာဝန်ယူပြီးတင်မပေးနိုင်ကြပါဘူး။ သည်တော့ ဆေးရုံ ဆက်တက်လို့မရဘဲ ဆင်းခဲ့ရတယ်။ သူ့အတွက် ဝိုင်းဝန်းလုပ်ဆောင်ပေးသူတွေက မူဆယ်ပို့ပြီး မူဆယ်ဆေးရုံ ပို့နိုင်ကြဖို့ စဉ်းစားကြသတဲ့။

ဒီကြားထဲမှာ သွေးထွက်လွန်လာလို့ ဒေါင်းဝိုင်းနားက ဆေးရုံတရုံကို ပို့ကြပြန်တယ်။ အဲဒီကလဲ ဆေးထပ်သွင်းပေးတယ်။ ထုံးစံအတိုင်း ဆေးရုံတက်ဆေးကုသဖို့ကတော့ ကြိုတင်ငွေ ယွမ်(၃၀၀၀)ထောင် တောင်းပြန်တယ်။ ဘယ်သူကမှ တာဝန်ခံပြီး မပေးသွင်းနိုင်ကြပါဘူး။အနီးအနားက အလှူခံပြီးကောက်လို့ရတဲ့ငွေလေးနဲ့ ဆေးသွင်းပေးခ(၁၅၀)ကိုပဲ ပေးချေပြီး၊ကားတစီးငှား၊ကူညီသူတစ်ချို့နဲ့ မူဆယ်ဆေးရုံကို ပို့ကြတော့ ည(၁၁) နာရီကျော်လောက်ရှိနေပြီ။

ကိုယ့်ဗမာပြည်မူဆယ်ဆေးရုံ ကို **မအိ** ရောက်လာပါတယ်။ ဆေးရုံနှစ်ရုံကသွင်းပေးလိုက်တဲ့ ဆေးတွေ အရှိန်နဲ့ရော **မအိ** ကိုယ်တိုင်ရဲ့ သတိကောင်းတာတွေကြောင့်ပါ ပြောရမယ်ထင်ပါတယ်။မူဆယ်ဆေးရုံပေါ် ရောက်တဲ့အထိ **မအိ** သတိကောင်းကောင်းရနေပါတယ်။ ပြောနိုင်ဆိုနိုင်ပါတယ်။

မူဆယ်ဆေးရုံ ဆရာဝန်ကြီးကလဲ ဆရာဝန်ပီသစွာ ချက်ချင်းကုသမှုတွေလုပ်ပါတယ်။ လိုအပ်တဲ့ဆေးဝါးတွေ ထိုးပေးတယ်။သွေးသွင်းမှုတွေလုပ်တယ်။ပြီးမှ ခွဲစိတ်ကုသမှုကိုလုပ်ဖို့ သွေးစစ်လိုက်တော့ သွေးထဲမှာ HIV ပိုးကို တွေ့ရပါတော့တယ်။

ဆရာဝန်ကြီး ခေါင်းခဲရပါပြီ။

မူဆယ်ဟာ ခရိုင်အဆင့် မြို့ကြီးတမြို့ပါ။တရုတ်–ဗမာ နယ်စပ်အတွက် အထင်ကရတံခါးပေါက် မြို့ကြီးတမြို့ပါ။ ဒါပေမယ့် ဆေးရုံတစ်ခုလုံးမှာမှ ခွဲစိတ်ခန်းတခုတည်းပါရှိပါတယ်။ HIV ပိုးရှိနေတော့ **မအိ**ကို ဒီခွဲစိတ်ခန်းမှာ ခွဲစိတ်ကုသမှုလုပ်မယ်ဆိုရင် တပတ်လောက် ခွဲစိတ်ခန်းကိုအသုံးမပြုဘဲ ပိတ်ထားရပါလိမ့်မယ်။ ဒီကြားထဲမှာ ခွဲစိတ်စရာပေါ်လာရင် ဘယ်လိုလုပ်မလဲ။ လူကောင်းသူကောင်း လူနာတွေအတွက် နစ်နာစရာဖြစ်ကုန်မှာလဲ စိုးရိမ်တယ်။ **မအိ** ကိုလဲ ခွဲစိတ်ကုသပေးချင်တယ်။

လူနာလာပို့ကြသူတွေကို၊ အရေးပေါ်လူနာရှင်လုပ်ထားရသူကို အခြေအနေမှန် ရှင်းပြပါတယ်။ နောက်ဆုံးဖြေရှင်းလိုက်ပုံကတော့ လူနာရှင် လုပ်တဲ့သူက **လူနာကို ခွဲစိတ်ကုသဖို့ အတွက် သဘောမတူပါဘူး** ဆိုတဲ့ စာကိုရေးပြီး လက်မှတ်ရေးထိုးပေးလိုက်ရခြင်းပါပဲ။

ဆရာဝန်ကြီးဟာ သွေးတွေသွင်းပေးရင်း၊ အဓိကကျတဲ့ ခွဲစိတ်ကုသမှုကိုတော့ လုပ်မပေးနိုင်ဘဲ၊ ကိုယ့်လူနာ ဘယ်အချိန်သေသွားမလဲ ဆိုတာကိုပဲ စောင့်ကြည့်နေရရှာပါတော့တယ်။ ဆရာဝန်တယောက်ရဲ့ နှလုံးသားထဲမှာ ဘယ်လိုရှိမလဲ။ဘယ်လောက် ကြေကွဲစရာ ကောင်းသလဲ။

**မအိ**ဟာ အသက်(၂၂)နှစ်သာရှိသေးတဲ့ ရှမ်းမလေးတယောက်ပါ။ ဘဝဆိုးအမျိုးမျိုးက တွန်းပို့လိုက်ရမှုတွေကြောင့် လိုင်းဘဝရောက်၊ မူးယစ်ဆေးဝါးသားကောင်ဘဝရောက်၊ HIV ပိုးစွဲကပ်ရသူဘဝ ရောက်ခဲ့ရပါတယ်။

ဆေးရုံပေါ်မှာ ဓါးဒဏ်ရာကြီးကို ပြန်ကြည့်၊ထွက်ကျလာခဲ့တဲ့ အူတွေကို ပြန်ကြည့်ရင်း ဆေးဝါးကုသမှုကို ငံ့လင့်ခဲ့ပါတယ်။

ကုသဖို့လဲ အချိန်မီခဲ့ပါတယ်။ ကုသနိုင်တဲ့ငွေကြေးသာရှိရင် တရုတ်ပြည်ဘက်မှာပဲ ကုသခွင့်ကြုံခဲ့ရပါတယ်။ ငွေကြေးမရှိလို့ ကုသခွင့်မရခဲ့ပါဘူး။ ကိုယ့်ဗမာပြည်ဆေးရုံရောက်တော့ ....

ဆေးရုံကြီးမှာ ခွဲစိတ်ခန်းတခန်းပဲရှိလို့ ကုသခွင့်မရဘဲသေမယ့်အချိန်ကိုသာ ထပ်ပြီးစောင့်ခဲ့ရပါတော့တယ်။ ဒီလိုနဲ့ ကြေကွဲစွာစောင့်လင့်ရင်း(၂၉–၉–၂၀၀၀)ရက်နေ့မနက်(၈)နာရီလောက်မှာ သေဆုံးရရှာပါတော့တယ်။

ကမ္ဘာမှာ HIV ပိုးစွဲကပ်နေသူများ၊ AIDSရောဂါ စွဲကပ်နေသူများအတွက် အစီအစဉ် မျိုးစုံပြုလုပ်နေကြပါတယ်။AIDS ရောဂါ တိုက်ဖျက်ရေးကို ကမ္ဘာနှင့်အဝှန်း ဆောင်ရွက်နေကြပါတယ်။ဗမာပြည်မှာ နအဖစစ်အုပ်စုကလဲ ဆောင်ရွက်နေတယ်လို့ အခါအခွင့်သင့်တိုင်း ပြောဆိုနေခဲ့ပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီး အပါအဝင်၊ NGOs များအပါအဝင်၊ အဖွဲ့အစည်းမျိုးစုံတို့ကလဲAIDSရောဂါ တိုက်ဖျက်ရေး၊ ကာကွယ်ရေးတွေအတွက်သာမက၊ ရောဂါစွဲကပ်နေသူများအတွက်လဲ အရေးထားဆောင်ရွက်သွားကြဖို့ အစီအစဉ်မျိုးစုံ ချမှတ်လုပ်ဆောင်နေကြသလို ၊ဆေးဝါးအကူအညီ၊ကျွမ်းကျင်မှုအကူအညီ၊ ငွေကြေး အထောက်အပံ့အကူအညီတွေ ပေးနေခဲ့ကြပါတယ်။ နအဖ စစ်အုပ်စုလဲ ဒီ အထောက်အပံ့ အကူအညီတွေ ရသင့်သလောက် ရခဲ့တာတွေရှိ ပါတယ်။ ဒါပေမယ့် ....

ရှမ်းမလေး **မအိ** တယောက်တော့ မူဆယ်ဆေးရုံကြီးပေါ်မှာ ခွဲစိတ်ခန်းတခန်းသာရှိတဲ့အတွက် HIV ရောဂါပိုးရှိနေသူဖြစ်တဲ့အတွက်၊ ဓါးဒဏ်ရာကို လက်နဲ့ပိုက်ရင်း၊ သေချိန်ကိုသာ စောင့်လင့်ရင်း၊ခွဲစိတ်ကုသနိုင်ခွင့်ကို လက်လွှတ်ဆုံးရှုံးရင်း(၂၉–၉–၂၀၀၀) ရက်နေ့ကသေဆုံးသွားခဲ့ရရှာပါတယ်။

ဒါဟာ တကယ့် အဖြစ်အပျက်အမှန်ပါ။

ဒီ အဖြစ်အပျက်မှန်အတွက် အဓိက တရားခံဟာ ဘယ်သူဖြစ်မလဲ ဆိုတော့ ကိုယ်တိုင်သာ ဆုံးဖြတ်ကြည့်ကြပါတော့ ခင်ဗျာ ။ ❖

**မျိုး ၉၉**

## လားရှိုးမြို့အခြေစိုက်နအဖတပ်သားများ ဘိန်းစိုက်ခင်းများတွင် လုပ်ကိုင်နေကြခြင်း

လားရှိုးမြို့အခြေစိုက် နအဖ စစ်တပ်များမှ တပ်သားများသည် ရရှိသည့်လစာနှင့် လူနေမှုစရိတ်မလုံလောက်သောကြောင့် တပ်တွင်းခွင့်ရက်များရရှိကြသည့်အခါ ဆွေမျိုးသားချင်းများထံသို့ လုံးဝမပြန်ကြဘဲ "ဝ"လူမျိုးများ၏ ဘိန်းစိုက်ခင်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြကြောင်း ၊အဆိုပါ ဘိန်းစိုက်ခင်းများမှာ နအဖ စစ်အုပ်စုက "ဝ" လူမျိုးတို့အား ၁၉၉၆ခုနှစ်မှ၂၀၀၃ခုနှစ်အထိ တရားဝင်ဘိန်းစိုက်ပျိုးခွင့်ပေးထားသော စိုက်ခင်းများဖြစ်ကြောင်း သိရသည်။

လားရှိုးမြို့အခြေစိုက် နအဖ စစ်သားများမှာ အဆိုပါ ဘိန်းစိုက်ခင်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည့်အတွက် တနေ့လျှင်လုပ်အားခ ကျပ်(၁၀၀၀)ရရှိကြသည်ဟု သိရသည်။ ❖



အောင်မြင်ဖြစ်ထွန်းလှသော ဝ လူမျိုးတို့၏ ဘိန်းစိုက်ခင်းအားတွေ့မြင်ရစဉ်

## ခေတ်သစ်ကျွန်ပိုင်ရှင်များနှင့် ခေတ်သစ်ကျေးကျွန်များမှ

မရှောင်၊ အရှင်သခင်တဦးမှ ကျွန်သဘောက်တဦးကို ပိုင်ဆိုင်သကဲ့သို့ သတ်လိုကသတ်သည်။ မုဒိမ်းကျင့်လိုက ကျင့်သည်။တဦးမက တစုတဖွဲ့အထိ စုဖွဲ့လုပ်ဆောင်ကြ၏။ စစ်အသုံးအဆောင်ပစ္စည်းများအား အခမဲ့ အခမ့ ထမ်းပိုးသယ်ဆောင်ပေးရ၏။ ၎င်းတို့၏ လုံခြုံရေးအတွက် တာဝန်ယူ စောင့်ရှောက်ပေးရ၏။ ၎င်းတို့အဖွဲ့မှ ထောက်ပံ့ပေးသည့်ရိက္ခာများအား ပြင်ပသို့ ရောင်းချပြီးလက်တွေ့စားသုံးရန်အတွက် ပြည်သူလူထုထံမှ ကောက်ခံရယူစားသုံး၏။ မိုင်းကွင်းများ၌ မိုင်းရှင်းကရိယာပစ္စည်းကဲ့သို့ အသုံးချခြင်းကိုခံရ၏။ ကံအကြောင်းမလှ၍ သေသည်မှ သေစေ မည်သည့်အကျိုးခံစားခွင့်မျှမရှိ။ ဤလုပ်ရပ်များသည် ကရင်ပြည်နယ်သားကျင်ပြည်သူလူထုများနှင့်အတူ ထွန်ယက် စိုက်ပျိုးပေးရသည်။ ထွန်ချမှရိတ်သိမ်းစုပုံပေးသည်အထိ ကိုယ့်စားသောက်ဖွယ်များ ကိုယ်ယူဆောင်၍ လုပ်ကိုင်ဆောင်ရွက်ပေးရ၏။ နာမကျန်း၍ ကင်းလွတ်အနားယူခွင့်မရှိ။ လူစားထိုးငှားရမ်းလုပ်ကိုင်ပေးရသည်။ အခြေစိုက်တပ်စခန်းများကိုလည်း ပဒေသရာဇ် နယ်စားပယ်စားများ အနေအထားဖြင့် အပိုင်စားကျေးနယ်များ ခွဲဝေသတ်မှတ်ပေး၏။ သာဓကတခုအဖြစ် တင်ပြပါမည်။

ခမရ(၅၄၇)အနေဖြင့် နန်းကော့တေး၊နောင်ထပန်၊မြပတိုင်နှင့် ထီးဖိုးစိကျေးနယ်များကိုင်း၊ ခမရ(၅၄၈)အနေဖြင့် ဝေါလေ၊ သရက်တော၊ အင်းရှည်၊ ခနိမ်းဖော် ကျေးနယ်များအားငင်း၊ ဂိုဒေါင်သွင်းသို့အပြီးအပြတ် အခမဲ့လုပ်ကိုင်ပေးရသည်။ ခြံဥယျာဉ်မြေများဆိုလျှင်မူလပိုင်ရှင်များကပင် အုန်းမျိုးပင်ပေါက်များယူဆောင်၍ ထပ်ဆောင်းစိုက်ပျိုးပေးရ၏။ ဤသည်မှာ ရာသီချိန်လုပ်ငန်းဖြစ်ပြီး၊ နေ့စဉ် စခန်းအတွင်းအပြင် သန့်ရှင်းရေးလုပ်ခြင်း၊ ရေခပ်၊ထင်းခွဲ၊ထမင်းဟင်းချက်ပြုတ်ကျွေးမွေးရခြင်း၊ တော်လှန်ရေးတပ်ဖွဲ့များ၏ လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများအား နေ့စဉ်ထောက်လှမ်းသတင်းပေးရခြင်းတို့မှာ တနေ့တာ၏ ပုံမှန်ဝန်တာဖြစ်သည်။

တိုးတက်ဖွံ့ဖြိုးနေသော ကမ္ဘာကြီးနှင့် တည်ငြိမ်အေးချမ်းသာယာနေသော မြန်မာပြည်၏ ဝန်းကျင်အနီးအဝေး တိုင်းပြည်များက ကျွန်စနစ်နှင့် အရှင်သခင် ကျွေးကျွန် လုပ်နည်းလုပ်ဟန်များကို နှာခေါင်းရှုံ့တိုက်ဖျက်နေ

> **တိုးတက်ဖွံ့ဖြိုးနေသောကမ္ဘာကြီးနှင့် တည်ငြိမ်အေးချမ်းသာယာနေသော မြန်မာပြည်၏ ဝန်းကျင်အနီးအဝေး တိုင်းပြည်များက ကျွန်စနစ်နှင့် အရှင်သခင် ကျွေးကျွန် လုပ်နည်းလုပ်ဟန်များကို နှာခေါင်းရှုံ့တိုက်ဖျက်နေချိန်တွင် မြန်မာ(နအဖ)အဖွဲ့သည် တဦးချင်း တဖွဲ့ချင်း၏ ချမ်းသာစည်းစိမ်နှင့် ကြီးပွားတိုးတက်ရေးအတွက် မျက်ကန်း တစ္ဆေမကြောက်၊ ဆေးခါးရည်ကို အငမ်းမရသောက်နေကြဆဲ ဖြစ်သည်**

ချိန်တွင်မြန်မာ(နအဖ)အဖွဲ့သည် တဦးချင်း တဖွဲ့ချင်း၏ ချမ်းသာစည်းစိမ်နှင့် ကြီးပွားတိုးတက်ရေးအတွက် မျက်ကန်း တစ္ဆေမကြောက်၊ ဆေးခါးရည်ကို အငမ်းမရ သောက်နေကြဆဲဖြစ်သည်။ စစ်အုပ်စု ဤကဲ့သို့ ကျင့်ကြံလုပ်ဆောင်နေသည်ကို ကြောက်စိတ်ဖြင့် ငုံ့ခံနေပြီး ရဲရင့်စိတ်မွေးထုတ်ပြီး တိုက်ခိုက်မှု မရှိလျှင် အဖိနှိပ်ခံလူမျိုးစုံအားလုံး၏ ဘဝနှင့်အခြေအနေအရပ်ရပ်သည် စစ်ဖိနပ်အောက်မှ လွတ်မြောက်မည် မဟုတ်တော့။စစ်ကျွံ၊စစ်နွံအတွင်းမှ ရုန်းထွက်နိုင်မည် မဟုတ်တော့ပေ။

များအဖို့ အထူးအထွေ ခံစားရခြင်း မဟုတ်တော့ပေ။ ပြည်တွင်းစစ်ကာလ တလျှောက်လုံး ကြုံတွေ့ရင်ဆိုင်နေရသည့် အခြေအနေများဖြစ်သည်။

ယခုတမျိုးတဖုံ ဖိနှိပ်ကျွန်ပြုပြန်သည်။တပ်စခန်းအခြေစိုက် နယ်မြေကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာဒေသများတွင် ရှေးဘိုးစဉ်ဘောင်ဆက် ခါးမဦးချ လုပ်ကိုင်ပိုင်ဆိုင်ခဲ့ကြသည့် ပြည်သူလူထု၏ လယ်မြေ၊ယာမြေ၊ခြံဥယျာဉ်မြေများအား တပ်ပိုင်မြေအဖြစ် သိမ်းယူသည်။တပ်မှူးတပ်ဗိုလ်မြေများအဖြစ် လုယက်သည်။ဤသည်နှင့် တစခန်းမရပ်သေးပေ။ စိုက်ပျိုးရာသီချိန်ရောက်လျှင် သိမ်းပိုက် လယ်မြေ–ယာမြေများအတွင်း မူလပိုင်ရှင်များမှ မျိုးစေ့ မျိုးပင်များ ရှာဖွေယူဆောင်ပြီး အနီးဝန်းခမရ(၅၄၉)အနေဖြင့် ထိုကော်ကိုး၊ နောင်တပ္ပဲ၊ ထီးတလေနှင့် နောင်ကိုင်းကျေးနယ်များကိုလည်းကောင်း၊ အသီးသီး စိတ်ကြိုက်ထင်သလို အပိုင်စားအုပ်ချုပ်စေသည်။

သာဓကတခုအဖြစ် တင်ပြပါဦးမည်။

နအဖ၏စကခ(၁၂)လက်အောက်ခံ ခမရ(၅၄၇)ခမရ(၅၄၈)ခမရ(၅၄၉) တပ်ရင်းသုံးရင်းမှ ထီးဆွမ်နှင့် နဘူးကျေးရွာလူထု၏ လယ်ယာမြေ(၃၅၉) ဧကနှင့် ခြံဥယျာဉ်မြေ(၁၇၃)ဧကကို အဓမ္မသိမ်းယူကာ လယ်ယာလုပ်ငန်းချိန်ကျရောက်တိုင်း မူလပိုင်ရှင်နှင့် အနီးဝန်းကျင်ပြည်သူများမှ ကိုယ့်စားရိတ်ကိုယ်စားပြီး လုပ်ကိုင်ပေးရ၏။ ထွန်ချချိန်မှတလင်းသိမ်းချိန်ထိ တလင်းမှစုပုံ

ထို့ကြောင့် အဖိနှိပ်ခံလူမျိုးစုံလူထုအားလုံးမှသတိမြဲမြဲချပ်ပြီး အာဏာရှင်လူတစုကို အမြစ်ပြတ်တိုက်ပွဲဝင်သွားကြပါစို့။ ❖



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်။

# လွန်ခဲ့သည့် နှစ်တရာအတွင်း ကမ္ဘာပေါ်၌ ဘာသာစကားတစ်ထောင်ကျော် ကွယ်ပျောက်သွားသည်ဟုသိရ လာမည့် နှစ်များတွင်လည်း ဘာသာစကားအမြောက်အများ ဆက်လက်ကွယ်ပျောက်သွားလိမ့်မည်ဟုဆို

လွန်ခဲ့သည့် ၂၀ရာစုနှစ်အတွင်း ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့်တည်ရှိသည့် ဘာသာစကားများအနက် ဘာသာစကားတစ်ထောင်ကျော်ကွယ်ပျောက်ခဲ့ကြောင်း သုတေသီများက လေ့လာတွေ့ရှိခဲ့သည်။ နောင်လာမည့် အနှစ်(၁၀၀)တွင်လည်း ယခုတည်ရှိနေသေးသည့် ဘာသာစကား (၆၀၀၀)အနက် တဝက်ခန့်သည်လည်း ကွယ်ပျောက်သွားဘွယ်ရာရှိကြောင်း ဟောကိန်းထုတ်လိုက်သည်။

ဤကြောက်မက်ဖွယ်ရာကောင်းလောက်သည့် ဘာသာစကားကွယ်ပျောက်မှုကို ဖြစ်နိုင်ခြေရှိကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယနေ့ကမ္ဘာတွင် တည်ရှိနေသေးသည့် ဘာသာစကားများအနက်(၉၆)ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ (၄)ရာခိုင်နှုန်းသော ကမ္ဘာ့လူသားများကသာ ပြောဆို သုံးနှုန်းလျက်ရှိသည်ကို တွေ့နေရသည်။

ယခုစစ်အေးလွန်ခေတ်တွင် ပြုလုပ်လျက်ရှိသည့် ကမ္ဘာ့လက္ခဏာကောင်းမှုကြောင့် သတင်းပြန့်ကြားရေးခေတ်သို့ရောက်ရှိနေကြောင်း သက်သေခံလျက်ရှိသည်။ဤသည်မှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကို မြင့်တင်လျက်ရှိစေသည်။ ဤဖြစ်ရပ်ကြောင့် ပိုမိုသေးငယ်သည့် ယဉ်ကျေးမှုအစု( အင်္ဂလိပ်ဘာသာစကားပြောအစု)သို့ ဖြစ်ပေါ်စေခဲ့သည်။ယခု ဖြစ်ပေါ်နေသည့် အင်တာနက်ကြောင့် အင်္ဂလိပ်ဘာသာစကားအား ကမ္ဘာသုံးစကားအဖြစ်သို့ တွန်းပို့လျက်ရှိနေသည်။

ယနေ့ကမ္ဘာကြီးတွင် လူသားတို့သည် သတင်းဖလှယ်မှု နည်းပညာကို အကြီးအကျယ်မှီခိုနေရသည်။ ယဉ်ကျေးမှုအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ အားကြီးသူက အားနည်းသူကို စိုးမိုးချယ်လှယ်နေမှုကြောင့် ဤသတင်းဖလှယ်မှုတွင် လက်ဝါးကြီးအုပ်မှု ဖြစ်ပေါ်ရာကနေ ဗိုလ်ကျလွှမ်းမိုးမှုကို ဆက်လက်ဖြစ်ပေါ်စေသည်။

၂၀ ရာစုအတွင်း ကမ္ဘာ့လူသားများ၏ လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးမှုလွန်ကဲခြင်းကြောင့် ပတ်ဝန်းကျင်နှင့် ကမ္ဘာ့ပထဝီမြေသားကိုအကြီးအကျယ်ပျက်စီးစေလျက်ရှိသည်။သက်ရှိဇီဝ ပိုးမွှား တရိစ္ဆာန်အများအပြားကိုလည်း ကွယ်ပျောက်စေသည်။ ဤဖြစ်ရပ်ကြောင့်ကမ္ဘာကြီးအတွက် အလွန်စိုးရိမ်ဘွယ်ရာဖြစ်လာပြီး ကမ္ဘာပေါ်ရှိ ရှားပါးတိရိစ္ဆာန်များ၊ ရှားပါးအပင်များအား ကာကွယ်ရန်လိုကြောင်း အရေးတကြီး ပြုမူပြောဆိုလာကြသည်။

အထက်ပါဖြစ်ရပ်များကြောင့် အရေးကြီးသည့် ပြဿနာမှာ ရှားပါးတရိစ္ဆာန်များအား ကွယ်ပျောက်သွားခြင်းမရှိရန် ထိန်းသိမ်းကာကွယ်သွားကြသလို ကမ္ဘာပေါ်တွင် တည်ရှိသည့် ဘာသာစကားအချို့ ကွယ်ပျောက်သွားမည့်အန္တရာယ်မှ ကင်းလွတ်ရေးအရေးတကြီးဆောင်ရွက်ရန် လိုအပ်လျက်ရှိပေသည်။ ဤလွတ်လပ်သည့် လူ့အဖွဲ့အစည်းအတွင်း အထက်ပါပြဿနာသည် ပိုမိုရှုပ်ထွေးလျက်ရှိနေသည်။ တဘက်တွင် နိုင်ငံတကာဖလှယ်မှုကိုမြှင့်တင်ရန် ကြိုးပမ်းရာက ကျန်တဘက်တွင် သေးငယ်သည့် ဘာသာစကားအချို့ကို ကွယ်ပျောက်သွားခြင်း မရှိရေး ထိန်းသိမ်းကာကွယ်ထားရန်လည်း လိုအပ်နေသည်။

အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာအပါအဝင် ဘာသာစကား(၆)မျိုးကို ကုလသမဂ္ဂတွင် အသုံးပြုလျက်ရှိနေသည်။ ဤဘာသာစကားများကို အထူးထိန်းသိမ်းကာကွယ်ရန် မလိုအပ်ပေ။ သို့ရာတွင် အခြားအန္တရာယ်နှင့်နီးကပ်နေသည့် ဘာသာစကားများကိုမူ ထိန်းသိမ်းကာကွယ်သွားရန် လိုအပ်ပေသည်။ ယင်းကြောင့် ဘာသာစကားတမျိုးတည်းတတ်ရာက ဘာသာစကားနှစ်မျိုးသုံးမျိုး တတ်မြောက်ရေးအတွက် မြင့်တက် လုပ်ဆောင်သွားရန်ကိုလည်း ဤနည်းဖြင့် ဘာသာစကားအချို့ကို ကွယ်ပျောက်သွားခြင်းမှ ကာကွယ်သွားနိုင်လိမ့်မည်။

သို့ရာတွင် လူအတော်များများ ဘာသာစကားနှင့်ယဉ်ကျေးမှု ဆက်စပ်နေခြင်းကို မသိဘဲဖြစ်နေကြသည်။ တခုမရှိလျှင် ကျန်တခုလည်းမရှိဘဲ ပျောက်ကွယ်သွားမည်။ယင်းကြောင့် ဘာသာစကားများ ပျောက်ကွယ်သွားခြင်းနှင့်အတူ ဆက်စပ်လျက်ရှိနေသည့် ယဉ်ကျေးမှုများလည်း ပျောက်ကွယ်နေသည်ကို တွေ့ရသည်။

ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း (၆၀)သည် အင်္ဂလိပ်ဘာသာစကားကို ၎င်းတို့တိုင်းပြည်၏ ဘာသာစကားအဖြစ် အသုံးပြုနေကြသည်။ ယခုကဲ့သို့ အင်္ဂလိပ်ဘာသာစကားသည် ကမ္ဘာပေါ်တွင် တွင်ကျယ်လာရခြင်းသည် အကြောင်းအမျိုးမျိုးရှိခဲ့သည်။ ကိုလိုနီစနစ်ဖြင့် စစ်ရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း၊ နယ်မြေချဲ့တွင်မှုများပြုလုပ်ခြင်း၊ ဘာသာရေးအရ သာသနာပြုများက အင်္ဂလိပ်ဘာသာစကားကျယ်ပြန့်အောင် များစွာဆောင်ရွက်ခဲ့ခြင်းသည် များပြားလှသော အကြောင်းအချက်များထဲတွင် ပါဝင်သည်။ အင်္ဂလိပ် ဘာသာစကားသုံးတိုင်းပြည်များ၌ စက်မှုနည်းပညာ၊ သိပ္ပံပညာနှင့် စီးပွားရေးပညာများတွင် ထိပ်ဆုံး၌ အောင်မြင်မှုရခဲ့ကြသည်။ ဤအချက်သည်လည်း အင်္ဂလိပ် ဘာသာစကားကို ပိုမိုတွင်ကျယ်စေခြင်းဖြစ်ရန် မျှော်ကြည့်နိုင်သည့် ကာလအတွင်း ဤအခြေအနေသည် ပြောင်းလဲလိမ့်မည်မဟုတ်သေးချေ။ သို့သော် အင်္ဂလိပ်ဘာသာစကား ယခုကဲ့သို့တွင်ကျယ်လာနေခြင်းကြောင့် အခြားဘာသာစကားများ ကွယ်ပျောက်သွားရသည်ဟု ယူဆခြင်းသည် မှန်ကန်လိမ့်မည်မဟုတ်ပေ။သို့ရာတွင် ယနေ့အချိန်တွင် အင်္ဂလိပ်ဘာသာစကား တတ်မြောက်ခြင်းသည် အလွန်အရေးကြီးသည့်အချိန် ဖြစ်နေသည်။ ယင်းကြောင့် ခေတ်မီဘာသာရပ်များကို တတ်မြောက်ရန်အတွက် အင်္ဂလိပ်ဘာသာစကားတတ်မြောက်ရန် လိုအပ်သည်။

ဤသည်နှင့် တချိန်တည်းတွင် မိမိတို့၏ လူမျိုးစု ဘာသာစကားများကိုလည်း တတ်မြောက်သွားရန် ကြိုးပမ်းသွားကြရမည်။ ဘာသာစကားအများအပြား လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေမှုသည် လူ့အဖွဲ့အစည်းအား စည်ပင်သာယာမှုကို ဖြစ်ပေါ်စေသည်။ငြိမ်းချမ်းမှုကိုလည်း အထောက်အကူဖြစ်စေမှာ ဖြစ်သည်။

ဗမာပြည်သည် လူမျိုးအများအပြားနေထိုင်သောတိုင်းပြည်ဖြစ်သည်။ ထို့ကြောင့်ဘာသာစကား အများအပြားလည်း တည်ရှိလျက်ရှိနေသည်။ မည်သည့် လူမျိုးမဆို မိမိတို့၏ ယဉ်ကျေးမှုနှင့်ဘာသာစကားကို ချစ်မြတ်နိုးကြမည်သာဖြစ်သည်။ ငြိမ်းချမ်းပြီးသာယာသည့် လူ့အဖွဲ့အစည်းတခုဖြစ်ရန်အတွက် လူမျိုးတိုင်း တန်းတူမှုရှိပြီး၊ လူမျိုးအားလုံး လူ့အဖွဲ့အစည်းတခုအတွင်း သွေးစည်းညီညွတ်ရန်လိုအပ်ပေသည်။မည်သည့်လူမျိုးမှ မိမိဘာသာစကားနှင့် ယဉ်ကျေးမှုပျောက်ကွယ်သွားမည်ကို လိုလားကြမည် မဟုတ်ချေ။ယင်းကြောင့် လူမျိုးတိုင်း မိမိတို့၏ယဉ်ကျေးမှုနှင့် ဘာသာစကားကွယ်ပျောက်သွားခြင်းမရှိရန်နှင့် ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် တည်ဆောက်ကြဖို့၊အနာဂတ်ပြည်ထောင်စုတွင် လူမျိုးတိုင်း၊တန်းတူပြီး သွေးစည်းညီညွတ်ရန် လိုအပ်ကြောင်း ရေးသားတင်ပြ လိုက်ရပေသည်။ ❖

## ထောင်မှူး၊တပ်ရင်းမှူးတို့ လာဘ်စားမှု မန္တလေးမြို့တွင်ရေပန်းစား သစ်စက်ပိုင်ရှင်များ ငွေပေးပြီး အလုအယက်အဖမ်းခံနေကြ

မန္တလေးမြို့ရှိအကျဉ်းထောင်မှူးများနှင့် မန္တလေးအခြေစိုက်တပ်ရင်းမှူးများ ပူးပေါင်းလာဘ်စားပြီး ပြစ်ဒဏ်ကျခံနေသော သစ်စက်ပိုင်ရှင်တရားခံများအား အကျဉ်းထောင်တွင်းမှ ပြန်လွှတ်ပေးနေသည်ဟု သိရှိရသည်။

ပြီးခဲ့သည့်ဧပြီလအတွင်း နအဖစစ်ထောက်လှမ်းရေးတို့က မန္တလေးမြို့ မကျီးပင်ဆိပ်တွင်ရှိသော သစ်လုံးများအား သိမ်းဆည်းကာ၊ သစ်စက်ပိုင်ရှင်များကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ဖမ်းဆီးခံရသော သစ်စက်ပိုင်ရှင်များအား မြို့နယ်တရားရုံးက ထောင်ဒဏ်တနှစ်မှ လေးနှစ်အထိ အမျိုးမျိုးချမှတ်ခဲ့ရာ ပြစ်ဒဏ်ချမှတ်ခံရသော သစ်စက်ပိုင်ရှင်တို့က ထောင်ထဲတွင် သက်သောင့်သက်သာ နေထိုင်နိုင်ရေးအတွက် အကျဉ်းထောင် အမှုထမ်းတို့အား လာဘ်ငွေများပေးခဲ့ကြရသည်ဟု သိရသည်။

ထို့ပြင် အကျဉ်းတိုက်ထဲတွင် မနေဘဲ ထောင်မှူးတစ်ဦးဦး၏အိမ်တွင် နေထိုင်လိုပါက ထောင်အာဏာပိုင်တို့အား မြန်မာကျပ်ငွေ(လေးသိန်း) ပေးရကြောင်း၊ အချို့ သစ်စက်ပိုင်ရှင်တို့ကမူ မန္တလေးအခြေစိုက် နအဖစစ်တပ်တပ်ရင်းမှူးတို့အား လာဘ်ငွေပေးပြီး စစ်ချေပါအောင်ကြိုးစားကြရကြောင်း၊ ထိုကဲ့သို့စစ်ချေပါသွားပါက အကျဉ်းထောင်တွင်း နေစရာမလိုတော့ဘဲ လာဘ်ငွေလက်ခံသည့် တပ်ရင်းမှူးအိမ်တွင်နေထိုင်ခွင့်ရကြကြောင်း၊ တလခန့်ကြာသည့်အခါ ကောင်းမွန်စွာနေထိုင်ကြောင်း တပ်ရင်းမှူးက ထောက်ခံစာထုတ်ပေးပြီး အကျဉ်းထောင်အပြစ်ဒဏ်မှလွှတ်ပေးလိုက်ကြောင်းသိရပြီး အဆိုပါလမ်းကြောင်းအတွက် သက်ဆိုင်ရာစစ်တပ်တပ်ရင်းမှူးအား မြန်မာကျပ်ငွေ (၁၀)သိန်းပေးရသည်ဟု ဆိုသည်။

ထို့ကြောင့် သစ်လုံးများ စတင်ဖမ်းဆီးစဉ်က ထွက်ပြေးတိမ်းရှောင်နေကြသော သစ်စက်ပိုင်ရှင်အများအပြား ယခုအခါ ပြန်လည်အဖမ်းခံနေကြကြောင်း၊ ထိုသို့ ပြန်လည်အဖမ်းခံရရေးအတွက်လည်း နအဖစစ်ထောက်လှမ်းရေးတို့အား လက်ဆောင်အမျိုးမျိုးပေးရသည့်အပြင် မန္တလေးမြို့ရှိ ရွှေဘဲဟိုတယ်၌ စားပွဲတဝိုင်းစာကျွေးမွေးရသေးကြောင်း သိရသည်။

အဖမ်းခံရရေး လာဘ်ငွေပေးရသလို၊ ထောင်ထွက်လက်မှတ်ရရေးအတွက်လည်း လာဘ်ငွေပေးရသောလမ်းကြောင်းကြီး၊ သစ်စက်ပိုင်ရှင်များနှင့် စစ်ထောက်လှမ်းရေး၊ ထောင်မှူး၊ တပ်ရင်းမှူးများအကြား ရေပန်းစားနေသည်ဟု အချို့ကဆိုကြသည်။ သစ်စက်ပိုင်ရှင်များကမူ ထောင်ထွက် လက်မှတ်ပြနိုင်မှ သစ်စက်လုပ်ငန်းလိုင်စင်ပြန်လည်ရရှိမည်ဖြစ်သဖြင့် ယခုကဲ့သို့ပြုမူကျင့်ကြံနေကြခြင်း ဖြစ်သည်။

လောလောဆယ်တွင်မူ သစ်စက်အများအပြား ပိတ်ထားခြင်းခံရသဖြင့် အင်သားတတန် လေးသောင်းကျပ်၊ ကျွန်းသားတတန် ကိုးသောင်းမှ ကျပ်တသိန်းအထိ မန္တလေးသစ်ဈေးများ မြင့်တက်နေသည်ဟု သိရသည်။ ❖

## အခွန်ရှောင်ပစ္စည်းများ သင်္ဘောဖြင့် ခိုးသွင်းနေသောသူ ရန်ကုန်မြို့တော်ဝန် ဦးကိုလေး၏ယောက်ဖ အဖမ်းခံရပြီ

ရန်ကုန်မြို့တော်ဝန် ဦးကိုလေး၏ ယောက်ဖဖြစ်သူ အငြိမ်းစား ဗိုလ်မှူးဘရီ စင်္ကာပူနိုင်ငံမှ ခိုးသွင်းလာခဲ့သော ကုန်ပစ္စည်းများအား အမှတ်(၅၈) ရေတပ်စခန်းက ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ဖမ်းဆီးရမိခဲ့သည်ဟု သိရသည်။

စင်္ကာပူနိုင်ငံမှ ထွက်ခွာလာပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်မည့် မန္တလေးကုန်တင်သင်္ဘောကို အမှတ်(၅၈)ရေတပ်စခန်းမှ တပ်ခွဲ(၄)တပ်စု(၃)တပ်စုမှူး ဗိုလ်ကြီးမောင်လတ် ဦးစီးအဖွဲ့က စစ်ရေယာဉ်(၁၁၈)ဖြင့် ကော့သောင်မြို့အနီး ပြည်တွင်းအဝင် စစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးရာမှ သင်္ဘောဦးပိုင်းအတွင်း ဝှက်ယူလာသော အခွန်ရှောင်ပစ္စည်းများအား ရှာဖွေတွေ့ရှိခဲ့သည်ဟု သိရသည်။

ထို့ကြောင့် မန္တလေး ကုန်တင်သင်္ဘောအား အမှတ်(၅၈)ရေတပ်စခန်း၊စိန်ပေါလ်ကျွန်းတွင် ဝင်ရောက်ရပ်နားစေပြီး၊ အခွန်ရှောင်ပစ္စည်းများနှင့် ပတ်သက်နေသူ ဒု-ရေယာဉ်မှူး အငြိမ်းစား ဗိုလ်မှူးဘရီ အသက်(၄၂)နှစ်၊အုပ်စု(၂)သင်္ဘောသားခေါင်းဆောင် အောင်လင်း၊သင်္ဘောစာရေးကြီး သောင်းမြင့်တို့အား ဖမ်းဆီးလိုက်ပြီး ဆမ်ဆောင်းအမျိုးအစား ဗွီစီဒီစက် (၇၂)လုံး မိတ္တူကူးစက်(၄၀)လုံး၊ ဗွီဒီယိုပြစက်(၁၅၀) ကင်မ်နွှန်အမျိုးအစား ကင်မရာ(၂၁၀)လုံး၊ ကားကက်ဆက်ရီစတား(၃၀၀)လျှပ်စစ်ရေစုပ်ပန့်(၈၀)လုံးတို့ကို သိမ်းဆည်းခဲ့ကြောင်း မန္တလေးကုန်တင်သင်္ဘောကိုမူ ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခွင့် ပြုလိုက်ကြောင်း သိရသည်။

ပစ္စည်းပိုင်ရှင် ဒု-ရေယာဉ်မှူး အငြိမ်းစားဗိုလ်မှူးဘရီ (ရန်ကုန်မြို့တော်ဝန် ဦးကိုလေး၏ယောက်ဖ)သည် တရားမဝင် အခွန်ရှောင်ပစ္စည်းများအား ရန်ကုန်မြို့မည်သည့်ဆိပ်ကမ်းတွင်မဆို ယခင်ကအကြိမ်ကြိမ်တင်သွင်းနေသော်လည်း ဆိပ်ကမ်းတာဝန်ရှိသူများ၏ အရေးယူခြင်း တကြိမ်မျှ မခံခဲ့ရကြောင်း၊ ယခုတကြိမ်တွင်မူ ရန်ကုန်မြို့သို့ပင် မရောက်နိုင်တော့ဘဲ ပြည်တွင်းအဝင်ရေတပ်စစ်ဆေးရေးအဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရကြောင်း သိရသည်။

နောက်ကျောဖုံး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ကွန်ဖရင့်မှ

ခံ အဆောက်အအုံတွေဆောက်လုပ်တဲ့လုပ်ငန်းတွေအတွက် ကန်ထရိုက်ရတဲ့သူတွေဆီကနေ ငွေကြေးအမြောက်အများလက်ခံရရှိနေတယ်။ဒ့ါအပြင် ကုန်သွယ်မှုလုပ်ငန်းတွေကနေ အကျိုးအမြတ်ခံစားနေတယ်။ဒီတော့ စီးပွားရေးအပေါ်အခြေခံတဲ့နည်းတွေနဲ့ ဆောင်ရွက်နိုင်ရင် ထိရောက်မှုတွေရှိလာနိုင်တယ်”ဟု ICFTU အထွေထွေအတွင်းရေးမှူး Mr. Bill Jordan က ပြောဆိုသည်။

ICFTUသည်ITS ခေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအတွင်းရေးမှူးအဖွဲ့နှင့် ပူးပေါင်းကာ မြန်မာပြည်တွင်း ရင်းနှီးမြှုပ်နှံနေသော ကုမ္ပဏီများနှင့်ပတ်သက်သည့် အချက်အလက်စုဆောင်းမှုအစီအစဉ်ကို လာမည့်လအတွင်း အကောင်အထည်ဖော်မည်ဖြစ်ပြီး ထိုအချက်အလက်များအပေါ်အခြေခံကာမြန်မာနိုင်ငံနှင့် စီးပွားဆက်ဆံနေသည့် ကုမ္ပဏီများရှိ အလုပ်သမားသမဂ္ဂများမှတဆင့် ဖိအားပေးမှုများပြုလုပ်မည်ဟု သိရသည်။

အဆိုပါ ICFTU ၏ တိုကျိုကွန်ဖရင့် ကြေညာချက်ထဲတွင် ဂျပန်နိုင်ငံအနေဖြင့် စစ်အုပ်စုအတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့် စစ်တပ်အတွက်အကူအညီပေးသော ODA မျိုး မဖြစ်စေရေး တိုက်တွန်းထားပြီး ဒီမိုကရေစီ တိုးတက်ဖြစ်ထွန်းရေးအား အထောက်အပံ့ပေးသည့် ODA မျိုးကိုသာသုံးစွဲရန်။ ဥရောပသမဂ္ဂ EU ၏ မြန်မာပြည်အပေါ်အရေးယူမှုများကိုလည်းဆက်လက်ပြုလုပ်ရန် တောင်းဆိုထားသည့်အပြင် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာပြည်၌အဓမ္မလုပ်အားခိုင်းစေမှုများ အဆုံးသတ်သွားရေးအတွက် ဝိုင်းဝန်းကူညီရန်လည်း တိုက်တွန်းထားသည်ဟု သိရသည်။

ICFTUအထွေထွေအတွင်းရေးမှူး Mr.Bill Jordan က မြန်မာပြည်၏ အလုပ်သမားအရေးကိစ္စအား WTO ခေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးထံ ယူဆောင်လာခြင်းမပြုဖို့ ဂျပန်နိုင်ငံအား သတိပေးပြောကြားခဲ့သည့်အပြင် “ILOရဲ့အလုပ်ဟာ အလုပ်သမားတွေရဲ့အခြေအနေတွေကို မြှင့်တင်ရေး၊ အလုပ်သမားအခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ရေးဖြစ်တယ်။ ဒီတော့ ILO ရဲ့ ဆုံးဖြတ်ချက်အတိုင်း ILOအဖွဲ့ဝင် ဂျပန်ကလည်း ရပ်တည်လိုက်နာပါ”ဟု ပြောကြားခဲ့သည်။

အဆိုပါကွန်ဖရင့်သို့ တက်ရောက်ခဲ့သော FTUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က မြန်မာပြည်၏ လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး နအဖစစ်အုပ်စုသည် ILO ၏ဆုံးဖြတ်ချက်ကို ဂရုမစိုက်ကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ကိုသာ ကြောက်ရွံ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးမှုသည် နိုင်ငံတကာ၏ အမြင်တွင် အပြောင်းအလဲများဖြစ်နေပြီဟု ပြသရန်သာရည်ရွယ်ကြောင်း ပြောဆိုခဲ့သည်။ ❖

# ကဗျာဆရာကြီးတင်မိုး၏ ထိုင်းနိုင်ငံ မဲဆောက်မြို့ စာပေခရီး



မယ်တော်ဆေးခန်းတွင် ဟောပြောစဉ်က





မဲလ ဒုက္ခသည်စခန်းတွင် စာပေရေးရာများဟောပြောနေစဉ်နှင့် တက်ရောက်ကြသူများ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုတတ်သိပညာရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီ၏နာယကနှင့် လွတ်လပ်သောကလောင်ရှင်များအသင်း(မြန်မာနိုင်ငံ) ၏ နာယကကြီး ကဗျာဆရာကြီး (ဦး) တင်မိုးသည် ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့မှတဆင့် မဲ့ဆောက်မြို့သို့ ဖေဖော်ဝါရီလ(၁၀)ရက်နေ့က ရောက်ရှိလာခဲ့ပါသည်။

ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး၏ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အခြေခံစခန်းတခုတွင် ကျင်းပသော(၂၇၅၀)ကြိမ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနား သဘာပတိအဖွဲ့ဝင်အဖြစ်နှင့် ချစ်ခင်နွေးထွေးသောစကားများ ပြောကြားခဲ့ပါသည်။

ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ဒေါက်တာစင်သီယာမောင်၏မယ်တော်ဆေးခန်းတွင်ပြုလုပ်သော ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်ပြီး အမှာစကားပြောကြားကာ“အလှကိုယ်စီ”ကဗျာကို ရွတ်ဆိုဂုဏ်ပြုအားပေးစကားပြောကြားခဲ့ပါသည်။

ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီ၏နာယကနှင့် ကရင်အမျိုးသားအစည်းအရုံး၊ဘားအံခရိုင် ဥက္ကဋ္ဌ ပဒို စောအားတိုး၏ ဦးဆောင်ဖိတ်ကြားမှုဖြင့် ထိုင်းနိုင်ငံ၊တပ်ခ်ခရိုင်အတွင်းရှိ မဲလဒုက္ခသည်စခန်းတွင်ကျင်းပသော စာပေဟောပြောပွဲသို့ တက်ရောက်ဟောပြောခဲ့ပါသည်။

ဖေဖော်ဝါရီလ(၁၈)ရက်နေ့တွင် လွတ်လပ်သောကလောင်ရှင်များအသင်း(မြန်မာနိုင်ငံ)နှင့် တော်လှန်ရေးအဖွဲ့အစည်းများပူးပေါင်းကျင်းပသော “လှေတစင်းနှင့်သီချင်းသည်”စာပေဟောပြောပွဲကို မယ်တော်ဆေးခန်းတွင် ကျင်းပခဲ့ရာစာပေရေးရာများ ဟောပြောခဲ့ပါသည်။

ဖေဖော်ဝါရီလ(၁၉)ရက်နေ့တွင် မြန်မာနိုင်ငံ အလုပ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့ (BLSO)၏ ဖိတ်ကြားချက်အရ မဲ့ဆောက်မြို့ရောက် မြန်မာအလုပ်သမားများနှင့် တွေ့ဆုံပြီး စာပေရေးရာများပြောကြားခဲ့ပါသည်။

ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး၏ဖိတ်ကြားမှုလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ဖိတ်ကြားမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) စတင်ဖွဲ့စည်းသည့်(၁၀)နှစ်မြောက် အခမ်းအနားသို့ ဖိတ်ကြားမှုများအပါအဝင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ၏ ဖိတ်ကြားမှုများကိုလည်းလက်ခံတွေ့ဆုံကာ စာပေရေးရာများ ဆွေးနွေးခဲ့ပါသည်။

ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင်မှု မဲဆောက်မြို့မှ ချင်းမိုင်မြို့သို့ လေယာဉ်ခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

ဆရာကြီး (ဦး)တင်မိုးသည် မဲ့ဆောက်မြို့တွင်ရှိနေစဉ်အတွင်း လွတ်လပ်သော ကလောင်ရှင်များအသင်း(မြန်မာနိုင်ငံ)၏ရုံးတွင် နေထိုင်ခဲ့ပါသည်။ ❖

# ဖေဖော်ဝါရီလ(၁၈)ရက်နေ့ကတည်းက ဒေါ်လာဈေးထိုးတက်နေ

ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၉) ရက်နေ့က နအဖ ရဟတ်ယာဉ် ပျက်ကျပြီးနောက်ပိုင်း ရန်ကုန်မြို့တွင် ဒေါ်လာဈေးများ ထိုးတက်သွားကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း ဒေါ်လာဈေးများ ထိုးတက်သွားခြင်းမှာ ရဟတ်ယာဉ်ပျက်ပြီးနောက်ပိုင်းမဟုတ်ဘဲ ဖေဖော်ဝါရီလ (၁၈)ရက်နေ့ကတည်းက ဖြစ်သည်ဟု ရန်ကုန်မြို့မှလာသော သတင်းအရ သိရှိရပါသည်။

အဆိုပါသတင်းအား အသေးစိတ်ဆက်လက်စုံစမ်းရာတွင် တရုတ်နိုင်ငံမှ ကုန်တင်လေယာဉ်တစင်း မင်္ဂလာဒုံလေဆိပ်သို့ ဖေဖော်ဝါရီလ(၁၈)ရက်နေ့က ဆင်းသက်လာခဲ့ကြောင်း၊ လေယာဉ်ပေါ်မှချလိုက်သည့် ကွန်တိန်နာအား နအဖစစ်တပ်မှ လာရောက်သယ်ယူသွားကြောင်း၊ ထိုကွန်တိန်နာသည် လက်နက်ခဲယမ်းပစ္စည်းများသာဖြစ်ကြောင်း လေဆိပ်အသိုင်းအဝိုင်းမှလာသော သတင်းကဆိုသည်။

ထို့နောက် နအဖစစ်အုပ်စု တပ်မှူးများကိုယ်တိုင် အမေရိကန်ဒေါ်လာများ လိုက်လံဝယ်ယူကြောင်း၊ တရုတ်လေယာဉ်ပေါ်တွင်ပါလာသော လက်နက်ခဲယမ်းများအတွက် ငွေပေးချေရန်ဖြစ်နိုင်ကြောင်း၊ သို့ဖြင့် များမကြာမီ ဒေါ်လာဈေးများထိုးတက်လာခဲ့ကြောင်း သိရှိရသည်။ ❖

# အမျိုးသားညီလာခံအား ပြန်လည်အသက်သွင်းရန် နအဖတို့ကြိုးပမ်းနေ

အမျိုးသားညီလာခံအား ပြန်လည်အသက်သွင်းရန်အတွက် နအဖ စစ်အုပ်စုမှ စီစဉ်နေကြောင်းသိရသည်။

ထိုအစီအစဉ်အရ စစ်မှုထမ်းဟောင်းများအား အမျိုးသားညီလာခံကို ထောက်ခံကြောင်းပြသသည့် လှုပ်ရှားမှုအမျိုးမျိုးပြုလုပ်ရန် နအဖ စစ်အုပ်စုမှ ခိုင်းစေထားသည်ဟု သိရသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းများကို ပြန်လည်ခေါ်ယူပြီး လိုအပ်သည့် သင်တန်းများပေးနေကြောင်း၊ ရန်ကုန်မြို့ရှိ လဝကမြို့နယ်မှူးများအား ဖယ်ရှားပြီး စစ်ဘက်မှပုဂ္ဂိုလ်များနှင့် လဲလှယ်ခန့်ထားနေကြောင်း၊ ရဲများကို ရှေ့တန်းစခန်းများသို့ပို့ရန် စီစဉ်ပြီး စစ်မှုထမ်းဟောင်းများကို ပြန်လည်အစားထိုးနေကြောင်း သိရှိရသည်။

# အလွမ်းမှသည် ထာဝရသစ္စာသို့



စာပဒေသာ ဦးယျာဉ်မှူးကြီး မြသန်းတင့်

ပြီးခဲ့သည့် ဖေဖေါ်ဝါရီလ(၁၈)ရက်နေ့ကဆိုရင် ဆရာဦးမြသန်းတင့် ကွယ်လွန်ခဲ့တာ (၃)နှစ်တင်းတင်းပြည့်ပြီဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းတွင်သာမက မြန်မာနိုင်ငံရေးသမိုင်းမှာ ပါထင်ရှားသော ရဲရင့်ပြတ်သားသော သရဖူကိုဆောင်းလျှက် မြင့်မြတ် တည်ကြည်လေးစားခြင်း ခံခဲ့ရသူပါ။ သက်ရှိထင်ရှားရှိနေမယ်ဆိုရင် အသက်(၇၂)နှစ်ရှိနေမှာဖြစ်ပြီး ဆရာ့ရဲ့ မြန်မာ့အကျိုးပြုစာပေများ၊ လူထုအကျိုးပြုဆောင်းပါးများကို ဖတ်ရှုလေ့လာခွင့် အများကြီး ရကြဦးမှာပါပဲ။ ဆရာနဲ့ ကျမဖခင်တို့ အလွန်ရင်းနှီးသူတွေ ဖြစ်တဲ့အတွက် ကျမတို့လည်း ငယ်ငယ်ကလေးတည်းက အကျွမ်းတဝင်ရှိခဲ့ပြီး ဆရာနဲ့ဆုံတိုင်း ဆရာ့ဘဝ အတွေ့အကြုံတွေ၊ စာပေဗဟုသုတတွေ၊ နိုင်ငံရေးဖြတ်သန်းမှုတွေကို ပြောပြတိုင်း မှတ်သားနာယူစရာများအဖြစ် တည်ရှိစေခဲ့ပါတယ်။

ကျမတို့ငယ်ငယ် ကျောင်းသူအရွယ်တည်းက“လိုက်ခဲ့တော့ မြနန္ဒာ–အမှောင်ရိပ်ဝယ်–မာယာဘုံ–မေတ္တာအသ်ချေ”စသည့် နူးညံ့သိမ်မွေ့ ညင်သာသော အရေးအသားများစွဲမက်ခဲ့ရသလို “ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်”ဆိုသောစာအုပ်ကကျမတို့လူငယ်တွေအားလုံးအတွက် ဇွဲ၊သတ္တိနှင့် ခိုင်မာသောယုံကြည်ချက်အင်အားတရပ်ကိုဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါ့အပြင် “လေရူးသုန်သုန်၊စစ်နှင့်ငြိမ်းချမ်းရေး၊ပါရီကျဆုံးခန်း၊ရွှေပြည်တော်မျှော်တိုင်းဝေး၊ လွမ်းမောရသော တက္ကသိုလ်နွေညများ၊ရေပွက်ပမာ၊ သုခမြို့တော်”စသည့် ထင်ရှားအောင်မြင်သော ဘာသာပြန်ဝတ္ထုပေါင်းများစွာတို့ကို ဖတ်ရှုလေ့လာဆည်းပူးရင်း ဆရာ့စာပေများကြား ကျမတို့ရှင်သန်ကြီးပြင်းလာခဲ့ရသူတွေပါ။

“အရှေ့လေတိုက်သောအခါ၊ ငွေသောင်ယံဟွန်ဒါယဉ်ကျေးမှုမေရီဖိုဗေးနှင့်အီကွေတာညများ၊ ပုံတောင်ပုံညာသွားတောလား၊လွမ်းမောဖွယ် ကမ္ဘောဇ”ကဲ့သို့ ခရီးသွားမှတ်တမ်းများအပြင် အင်္ဂလိပ်၊တရုတ်၊အိန္ဒိယ၊လက်တင်အမေရိက၊ ရုရှားဝတ္ထုများကိုမှီးသည့် လက်ရာများ၊စာပေဝေဖန်ရေးစစ်တမ်းများနှင့်နှစ်ဆယ်ရာစုကဗျာများ၊ မြန်မာပြန်ရသစာတမ်းများ အထွေထွေကျမ်းစာများကို ပြုစုရေးသားခဲ့သော မြန်မာစာပေအတွက် အဖိုးမဖြတ်နိုင်သည့် လွန်စွာမှတာဝန်ကျေပွန်ခဲ့သော စာပေခေါင်းဆောင်ကြီးတယောက်ပင်။

၁၉၉၈ခုနှစ်၊ဇန်နဝါရီလဆန်းပိုင်း ဆရာဟာ သူ့ရဲ့စာပေဟောပြောပွဲ နောက်ဆုံးခရီးစဉ်အဖြစ် အထက်မြန်မာပြည်ကို ရက်ရှည်ခရီးထွက်ခဲ့တယ်။ ကွယ်လွန်သူရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ ဦးမြတ်လေး၊ ကဗျာဆရာကြီး ဦးတင်မိုး၊ဆရာ့ရဲ့မိတ်ဆွေ သတင်းစာဆရာ၊ အယ်ဒီတာဟောင်း တဦးနဲ့ အဲဒီစာပေဟောပြောပွဲခရီးစဉ်ကို ပျော်ရွှင်တက်ကြွစွာ သွားရောက်ဟောပြောခဲ့ပြီး ကျိုက်ထီးရိုးဘုရားကိုလည်း နောက်ဆုံးဖူးမျှော်ခွင့် ရသွားခဲ့ပါသေးတယ်။

## သင်းသီရိခင်

ကျမတို့ တိုင်းပြည်မှာပေးတဲ့ “အမျိုးသားစာပေဆု”ဆိုတာကို (၅)ကြိမ်မက ဆရာရခဲ့ပါတယ်။ မဖြစ်မနေလို့သာ ဆုတက်ယူခဲ့ရပေမယ့်၊ ကျေးဇူးတင်စကားတွေပြောခဲ့ရပေမယ့် စိတ်ချမ်းမြေ့ပျော်ရွှင်ကြည်နူးမှုမျိုး တခါမှ မရှိခဲ့ပါဘူး။

“လူထုအတွက် စာပေဖြစ်ချင်တယ်၊ လူတစုရဲ့ စာပေမဖြစ်ချင်ဘူး သူတို့နဲ့ မပတ်သက်ချင်ဘူး၊ ဒီဆုတွေလည်း မမျှော်မှန်းဘူး၊ ကိုယ်ရေးတဲ့စာတွေကိုဖတ်ပြီး ဗဟုသုတရကြမယ်၊ တိုးတက်မှုကိုမြင်လာပြီး အကျိုးရှိစေချင်တာပဲသိတယ်။ ဒီဆုတွေကြောင့် ပတ်သက်နေရမှုတွေကို ကျေးဇူးတင်ပါတယ်လို့ ပြန်ပြောနေရတဲ့ စကားတွေကို ကိုယ့်မိတ်ဆွေတွေ၊ ကိုယ့်စာဖတ်ပရိသတ်တွေ နားလည်ခွင့်လွှတ်နိုင်ပါလိမ့်မယ်”လို့ ကျမတို့ရှေ့မှာ ဆရာညည်းတွားခဲ့သံကိုတော့ ကျမ အမြဲအမှတ်ရဆဲပါ။လက်ရှိမတရား စစ်အာဏာရှင်အုပ်စုထဲကတော့ ကိုယ့်ကိုကိုယ် ရာထူးတွေပေး၊ ဆုတွေပေးနဲ့ ကိုယ့်ဆုကိုယ်ယူ ဂုဏ်ပြုနေကြသူတွေလည်း ရှိပါသေးတယ်။ မြန်မာ့စာပေ၊ ကမ္ဘာ့စာပေ၊ ဗဟုသုတတွေကို သိသရောင်၊ တတ်သရောင် ဟန်ဆောင်နေတဲ့သူတွေနဲ့ ဆရာပြောရ၊ဆိုရ၊နှုတ်ဆက်ရတာတွေ၊ရှက်စိတ်၊နာကျည်းစိတ်တွေရဲ့ ခံစားမှုတွေကိုတော့ ဆရာကလွဲလို့ ဘယ်သူကမှ ပိုမိုနားလည်ခံစားပေးနိုင်ကြမှာ မဟုတ်ခဲ့ပါဘူး။

ဆရာကွယ်လွန်သွားပြီလို့ သိရတဲ့အချိန် ကျမတို့အားလုံးရဲ့ ကြေကွဲမှုတွေဟာ အတိုင်းအဆမဲ့စေခဲ့ပါတယ်။ “တို့တိုင်းပြည်၊တို့စာပေ၊ တို့အတွက် မိတ်ဆွေကောင်းတယောက် ဆုံးရှုံးသွားရပြီဒီလိုလူမျိုး ဖြစ်ဖို့ ရဖို့ဆိုတာ မလွယ်နိုင်ဘူး။အားလုံးအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီးပဲ”လို့ပြောခဲ့တဲ့ ကျမဖေဖေရဲ့ စကားသံတွေကိုလည်း ယနေ့ထက်ထိ ကြေကွဲစွာမှတ်မိနေဆဲပါ။

သေသောသူကြာရင်မေ့ ပျောက်သောသူ ရှာရင်တွေ့ ဆိုသော စကားနဲ့ ဆန့်ကျင်စွာ ဆရာ့ကို မေ့ပျောက်သွားဖို့ဝေးလို့ အနာဂတ်တွေထဲမှာ ဆရာ့စာပေများနှင့် မျိုးဆက်သစ်တွေကို လေ့လာဆည်းပူးမှတ်သားစေရင်း ကမ္ဘာတည်သရွေ့ ဆရာ့စာပေများ မော်ကွန်းတင်ကျန်ရစ်နေမှာပါ။

ကျမတို့ကို အမြဲတစေ“ဖြစ်ပေါ်ခဲ့ပြီးသော အတိတ်မှအကြောင်းအရာတွေကို သင်ခန်းစားယူကာ လက်ရှိအနေအထားကို ဆင်ခြင်သုံးသပ်နေထိုင်ပြီး အနာဂတ်ကို အကောင်းဆုံးဖြစ်အောင်ကြိုးစား”လို့ ဆုံးမစကားပြောခဲ့သော၊ မြန်မာမှုမြန်မာ့စာပေ၊မြန်မာ့အနုပညာကို လွန်စွာမှချစ်သော၊မိသားစုအပေါ်တွင် သစ္စာရှိတာဝန်ကျေခဲ့သော၊မိတ်ဆွေများအပေါ်တွင် ထာဝရမိတ်ဆွေကောင်းအဖြစ် ရပ်တည်ခဲ့သော၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်ကာ အောင်မြင်သောဒီမိုကရေစီပေါ်ပေါက်ရေးကိုမျှော်မှန်းခဲ့သော၊ ဆရာ၏(၃)နှစ်ပြည့်ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သော မိသားစုများနှင့် မိတ်ဆွေများက ကောင်းမှုကုသိုလ်ပြု လွမ်းဆွတ်သတိရနေမယ့်အချိန် ၊အမိနိုင်ငံတော်ကြီး စစ်အာဏာရှင်စနစ်ဆိုးအောက်က လွတ်မြောက်ပြီး တရားမျှတစစ်မှန်သော ဒီမိုကရေစီစနစ် ပေါ်ပေါက်လာရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ အဝေးတနေရာရောက် ကျမတို့ကလည်း ဆရာချစ်သောတိုင်းပြည်၊ ဆရာချစ်သော စာပေနှင့်အတူ လွတ်လပ်ခြင်း၊ တရားမျှတခြင်းတို့ဖြင့် အောင်မြင်လာမယ့် ဒီမိုကရေစီစနစ်ပေါ်မှာ ကျမတို့ မျိုးဆက်တွေ ရှင်သန်ကြီးမြင့်စေဖို့ အသက်ထက်ဆုံးကြိုးပမ်းသွားမယ့် အကြောင်း ဒီဆောင်ပါးလေးနဲ့ သစ္စာဆိုဂါရဝပြုလိုက်ပါတယ်ဆရာ။ ❖

**လူထုအတွက် စာပေဖြစ်ချင်တယ်။ လူတစုရဲ့စာပေမဖြစ်ချင်ဘူး။ သူတို့နဲ့ မပတ်သက်ချင်ဘူး။ ဒီဆုတွေလည်း မမျှော်မှန်းဘူး။ ကိုယ်ရေးတဲ့စာတွေကိုဖတ်ပြီး ဗဟုသုတရကြမယ်။ တိုးတက်မှုကိုမြင်လာပြီး အကျိုးရှိစေချင်တာပဲ သိတယ်။ ဒီဆုတွေကြောင့် ပတ်သက်နေရမှုတွေကို ကျေးဇူးတင်ပါတယ်လို့ ပြန်ပြောနေရတဲ့ စကားတွေကို ကိုယ့်မိတ်ဆွေတွေ၊ ကိုယ့်စာဖတ်ပရိသတ်တွေ နားလည်ခွင့်လွှတ်နိုင်ပါလိမ့်မယ်။**



## ပြောပြပါရစေ

ပြည်မြို့နယ် မှော်ဇာ စပါးအဝယ်ဒိုင်ကို စပါးလာပြီး ရောင်းချဖို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စားဆိုပြီး လက်မှတ်ထိုးထားတဲ့ အမိန့်စာတစောင် မတ်လ(၅)ရက်နေ့က ရောက်လာပါတယ်။ ဒါကြောင့် အမိန့်စာအရ သွားကြရပါတယ်။

စပါးမရောင်းနိုင်တဲ့လူတွေကို ကြွက်ဖျက်တယ်လို့ မပြောရ။ မျိုးစပါး ရှိတာ၊မရှိတာ၊ ဝမ်းစာရှိတာ မရှိတာမသိ၊ နွားခါလူခပေးဖို့ဒို့မသိ၊ စပါးရဖို့သာ ဒို့တာဝန်၊စပါးမရှိရင် ကာလပေါက်ဈေးနဲ့ ငွေယူခဲ့၊ စပါးနဲ့ငွေမပေးနိုင်ရင် မပြန်ရဘူးဆိုပြီး ရဲနဲ့ဖမ်းခိုင်းပါတယ်။ စပါး ဒါမှမဟုတ် ငွေပေးမှ ပြန်လွှတ်တာမို့ လယ်သမားတွေကို ပြန်ပေးဆွဲနေတာမျိုးပါပဲ။

နအဖ ရုပ်မြင်သံကြားမှာ အော်လိုက်ရင်“ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားချေမှုန်းကြ”တဲ့။ အခုလို ပြန်ပေးဆွဲတဲ့ သူတို့ နအဖကိုကျတော့ ချစ်နေရမှာလား။

ပြီးတော့ နအဖ ရုပ်မြင်သံကြားမှာ လာသေးတယ်။ တောင်သူလယ်သမားတွေကို လုပ်အားပေးမခေါ်ရတဲ့။ ပြည်–ပေါက်ခေါင်းလမ်းဘေးဝဲ–ယာမှာ ဗီအိုင်ပီလူကြီးခရီးစဉ်ရှိတယ်ဆိုပြီး ခြုံတွေရှင်းခိုင်း၊ခုတ်ခိုင်းတယ်။ ဒါ လုပ်အားပေးခေါ်တာပဲ မဟုတ်ဘူးလား။

တဆက်ထဲ ပြောပြပါရစေ။ စပါးရောင်းတော့လည်း တကေ စပါးတခွဲ အလကားပေးရတယ်။ ဖုန်ပါတော့လည်း စပါးပေးရပြန်ရော။ ဖုန် ပြောင်သွားတော့လည်း စပါးလှေ့ခယူ၊ ဘဏ်ငွေထုတ်တော့လည်း အမျိုးမျိုးဖြတ်၊ စပါးစိုက်ချိန် မရောက်ခင်ကတည်းက စာချုပ် ချုပ် ခိုင်းတယ်။စပါးဖိုးငွေပေးတဲ့အခါ ကျ တော့ မယကၢခအဖရန်ပုံငွေဆိုပြီး တကေ(၅၀၀) ကျပ်ဖြတ်တယ်။ ဆယ်မြောင်းတွေပြင်ဖို့ကတမျိုး၊အလှူဆန်ဆိုပြီးတဖုံ တောင်းပြန်ရော။

လယ်ကွက်တွေ ရေနစ်နေတာများလို့ ရေနုတ်မြောင်းတူးပေးပါဆိုပြီး စာတွေ အစောင်စောင်တင်တယ်။ ဂရုတောင်မစိုက်ပါဘူး။ မြေဩဇာဆိုရင် အိပ်မက်တောင်မမက်နိုင်ကြတဲ့လယ်သမားတွေ၊ ပိုးကျတာ၊ ကြွက်ကိုက်တာမလိုချင်၊ စပါးမပေးနိုင်၊ ငွေမပေးနိုင်ရင် ဖမ်းလားဆီးလားခံရရော။

ဓါးမနောက်ပိတ်ခွေ ဖြစ်နေတဲ့ လယ်သမားတွေကို ကယ်ကြပါဦး။ အထက်ပုဂ္ဂိုလ်ကြီးများကလည်း ကိုယ့်ဗိုက်ကိုပဲ ငုံ့ကြည့်မနေဘဲ အောက်ကိုလဲ ငုံ့ကြည့်ပါဦးလို့ ပြောပပါရစေတော့။

❖

❖



မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ
ပြည်မြို့
ရက်စွဲ ၊ ၂၀၀၁ ခုနှစ် ၊ မတ်လ ရက် ။

သို့ /
[redacted]

အကြောင်းအရာ ။ ။ လာရောက်တွေ့ဆုံပါရန် ။

လူကြီးမင်းအား စုံစမ်း / မေးမြန်းရန်ရှိပါသဖြင့် အောက်ပါအတိုင်း မပျက်မကွက် လာရောက်တွေ့ဆုံပါရန် အကြောင်းကြားအပ်ပါသည် ။

နေ့ရက် ... ( ၅ - ၃ - ၂၀၀၁ )
အချိန် ... နံနက်/နေ့လည် ( ၈:၀၀)နာရီ
နေရာ ... ဈေးရှားကြီး / မှော်ဇာ စပါးဒိုင်

မိတ္တူကို – {စပါး၊ ၅၉ ခု အတူလာဖေလာဝ်ရန်}

လက်ခံ ။

ဥက္ကဋ္ဌ {ကိုယ်စား}

တောင်သူလယ်သမားများအား လာရောက်ရန် ဆင့်ခေါ်သည့် အမိန့်စာမူရင်း

# ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ မြန်မာပြည်ခရီးစဉ်အပေါ် ကျေနပ်အားရ နအဖအပေါ်ဒဏ်ခတ်ထားမှုအပြောင်းအလဲ ဧပြီလတွင် ဆုံးဖြတ်မည်

မြန်မာ့နိုင်ငံရေး အခြေအနေများအား လေ့လာသုံးသပ်ရန်အတွက် မြန်မာနိုင်ငံအတွင်း (၄)ရက်ကြာရောက်ရှိနေထိုင်ခဲ့သော အီးယူထရိုင်ကာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ(၃)ရက်နေ့က ပြန်လည်ထွက်ခွာသွားပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့ လေဆိပ် ရောက်ရောက်ချင်းမှာပင် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

“အခုလို နှစ်ဘက်တွေ့ဆုံ ဆွေးနွေးပွဲ ဆုံးဖြတ်နိုင်ခဲ့တာကို ကျနော်တို့ အနေနဲ့ လေးစားပါတယ်။အားရ ကျေနပ်မှုလည်း ရှိပါတယ်။ဒါဟာ(၁၉၉၀) နောက်ပိုင်းကစပြီး စိတ်ဝင်စားဖို့ အကောင်းဆုံးတိုးတက်ပြောင်းလဲမှုတခု ဖြစ်ပါတယ်။ရှေ့ဆက် ပိုမိုတိုးတက်လာမှာပါ။ဒါပေမယ့် အခုအဆင့်ကနေ ပြောင်းပြန်လှန်ပြီး အရင်ကအတိုင်း ပြန်ဖြစ်မသွားနိုင်ဘူးလို့တော့ အသေအချာမပြောနိုင်သေးပါဘူး”ဟု ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာလာသော အီးယူထရိုင်ကာ ဥရောပသမဂ္ဂကိုယ်စား လှယ်အဖွဲ့ခေါင်းဆောင် ဆွီဒင်သံအရာရှိ Mr. Borje Ljunggren က ဘန်ကောက်လေဆိပ်တွင် ပြောကြားခဲ့သည်။

အဆိုပါ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်(၅)ဦး ပါဝင်ပြီး၊ ရန်ကုန်မြို့သို့ မဝင်ရောက်မီ မလေးရှားနိုင်ငံ၊ကွာလာလမ်ပူမြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးနှင့် တွေ့ဆုံခဲ့ကြောင်း၊ ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် နအဖစစ်အုပ်စု အတွင်းရေးမှူး(၁) ဒုဗိုလ်ချုပ်ကြီးခင်ညွန့် အပါအဝင် စစ်ဘက်ထိပ်တန်းအရာရှိများ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လူမျိုးစုခေါင်းဆောင်များ၊ဘာသာရေး ခေါင်းဆောင်များ၊ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သော UNDP, NCRC အဖွဲ့များ အပါအဝင် အာဆီယံ သံအမတ်များအားလုံးနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့ခေါင်းဆောင်အား၊ ယခုကဲ့သို့ နှစ်ဘက်ဆွေးနွေးမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားနှင့် ပတ်သက်ပြီး မေးမြန်းကြည့်ရာ “ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အခုဆွေးနွေးပွဲတွေကို ယုံကြည်မှု တည်ဆောက်ခြင်းရဲ့ အရေးအကြီးဆုံး အခန်းကဏ္ဍအဖြစ် သဘောထားပါတယ်။ ဒီလိုအခွင့်အရေးမျိုးကို သူမအနေနဲ့ ချိုးဖျက်မှာမဟုတ်ပါဘူး။ကျနော်တို့ အနေနဲ့ သူမရဲ့ရပ်တည်ချက်နဲ့ ယုံကြည်မှု တည်ဆောက်ခြင်း လုပ်ငန်းစဉ်ကို အထူး လေးစားမိပါတယ်။ ဒါပေမယ့် ဆွေးနွေးပွဲမှာပါတဲ့ အကြောင်းအရာတွေက၊ ကျနော်တို့ရဲ့ အလုပ်တာဝန် မဟုတ်ပါဘူး။ ကျနော်တို့ရဲ့ အဓိကတာဝန်က ဒီဆွေးနွေးပွဲတွေ ပန်းတိုင်ရောက်သွားအောင်၊ပြန်ပြီးတော့အဖျားရှူးသွားတာမျိုးမဖြစ်ရအောင် ဝိုင်းပြီးတွန်းအားပေးဖို့သာ ဖြစ်ပါတယ်”ဟု ပြောဆိုသည်။

ထို့ပြင် မိမိတို့အဖွဲ့အနေဖြင့် မကြာမီကာလတွင်း ထပ်မံဆွေးနွေးမှုများမြင်ရလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ ထို ဆွေးနွေးမှုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေး တွန်းအားပေးရန်အလေးအနက်ဦး တည်သော ဆွေးနွေးပွဲများဖြစ်ရန် မျှော်လင့်ကြောင်း ပြောဆိုသည်။

နအဖနှင့် တွေ့ဆုံခဲ့စဉ်အတွင်း လက်ရှိနိုင်ငံရေးကိစ္စများအပြင် ILO အဖွဲ့မှ ဆုံးဖြတ်ချက်ချထားသော အတင်းအဓမ္မ အလုပ်ခိုင်းစေမှုကိစ္စ၊ စီးပွားရေးဒဏ်ခတ်အရေးယူမှုကိစ္စ၊ အေအိုင်ဒီအက်စ် ရောဂါပြန့်နှံ့မှုကိစ္စများကိုပါ ဆွေးနွေးခဲ့ကြောင်း အဆိုပါ ဥရောပကိုယ်စားလှယ်အဖွဲ့က ပြောဆိုသည်။

ထို့နောက် သတင်းထောက်များက မြန်မာဒီမိုကရေးစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်မှပြန်လွှတ်ပေးမည့် အလားအလာနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အခြေအနေကို မေးမြန်းရာ “တကယ်တန်းပြောရရင် ဒေါ်အောင်ဆန်းစုကြည် ဟာ သူမရဲ့ခြံဝင်းအတွင်း တစ်ယောက်တည်းအထီးကျန် ချုပ်ချယ်ထားခြင်းခံရတာမျိုး မဟုတ်ပါဘူး။သူမနဲ့အတူ အခြားပါတီဝင်အချို့လည်း ရှိနေပါတယ်။ အဲဒီ အထဲမှာ အသက်အရွယ်ကြီးရင့်သူတွေ ပါသလို အဖွဲ့ချုပ်အဖွဲ့ဝင်လူငယ်တွေလည်း သူမကိုစောင့်ရှောက်နေပါတယ်။ဒါ့ အပြင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးနဲ့လည်း တစ်ပတ်မှာ(၂)ကြိမ်ခန့် ပုံမှန်တွေ့ဆုံနိုင်ခွင့် ရှိနေပါတယ်။တခြားတွေ့ဆုံချင်သူတွေကိုလည်း စဉ်းစားပြီး တွေ့မယ်ဆိုရင် ဖြစ်နိုင်တဲ့အလားအလာမျိုးရှိနေပါတယ်။ အသေးစိတ်ကိုတော့ ကျနော်ပြောလို့မဖြစ်ပါဘူး”ဟု အဖွဲ့ခေါင်းဆောင် Mr .Borje Ljnn-ggren က ပြန်လည်ဖြေကြားခဲ့သည်။

ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သည် ယင်းတို့၏တွေ့ရှိချက်များအပေါ်မူတည်ပြီး ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံဆက်ဆံရေး မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်သွားမည်ကို ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆုံးဖြတ်ကြမည်ဟု သိရသည်။

အဆိုပါအစည်းအဝေးကို နှစ်စဉ် ဧပြီလတွင် ကျင်းပလေ့ရှိပြီး ယခုလောလောဆယ်တွင်မူ ဥရောပသမဂ္ဂက နအဖအား နိုင်ငံရေး၊စီးပွားရေး ဒဏ်ခတ်မှုတချို့ပြုလုပ်ထားသည်။ နအဖ စစ်အုပ်စုအဖွဲ့ဝင်များဥရောပနိုင်ငံများသို့ လာရောက်ခွင့် ပိတ်ပင်ထားပြီး အဆင့်မြင့် သံတမန်အဆက်အသွယ်များလည်း ဖြတ်တောက်ထားသည်။ စစ်လက်နက်ပစ္စည်းများအပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာငွေကြေးအကူအညီအားလုံးကိုလည်းပိတ်ဆို့ထားသည်။

ထို့ကြောင့် အဆိုပါ ဒဏ်ခတ်ပိတ်ဆို့မှုများမှ လျော့သင့်၊တိုးသင့် ယခုအတိုင်းဆက်လက်တည်ရှိသင့် ဆိုသော အချက်များကို လာမည့်ဧပြီလအစည်းအဝေးကသာ စဉ်းစားဆုံးဖြတ်မည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

❖

# ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ပအိုဝ်းအမျိုးသမီးသမဂ္ဂ၊ ပအိုဝ်းလူငယ်ဒီမိုကရက်တစ်အဖွဲ့တို့စုစည်း၍ ၁၃၆၂ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၁ခုနှစ်၊မတ်လ(၈)ရက်နေ့ နံနက်(၁၁)နာရီအချိန်တွင် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့နယ် ဟွေးခန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ခွန်စိန်ထွန်း(PYDO)မှ တာဝန်ယူဆောင်ရွက်ပြီး အခမ်းအနားသဘာပတိအဖြစ် ဟွေးခန်ရွာသူကြီး တဦး၊ဟွေးမခိုဆွမ့်ကျေးရွာသူကြီး၊ ဝမ်ကောင်းရွာသူကြီး၊ ဘာသာနှင့်သာသနာ အတွင်းရေးမှူး(ဟွေးဟန်) ခွန်တက်လူ(PPLO)နှင့် ဟွေးခန်ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်တို့က ဆောင်ရွက်ခဲ့ကြပါသည်။

ပအိုဝ်းအမျိုးသားနေ့အခမ်းအနားတွင် သဘာပတိအဖွဲ့ဝင်များအားလုံး အဖွင့်အမှာစကား ပြောကြားကြပြီးနောက် မနန်းအိန်(ဥက္ကဋ္ဌ-PWU) ခွန်တင်ရွှေဦး (အခမ်းအနားဖြစ်မြောက်ရေးကော်မတီ-KNU)နှင့် စိုင်းမြင့်သူ (ဥက္ကဋ္ဌ–ABSDF)တို့မှလည်း မိန့်ခွန်းများပြောကြားခဲ့ကြပါသည်။

ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ဟွေးစရှပ်ရွာ၊ဟွေးခန်ရွာ၊ဟွေးမခိုဆွမ့်ရွာနှင့် မယ်ဟောင်ဆောင်မြို့မှ ပအိုဝ်းအမျိုးသားများ၊မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ ပအိုဝ်းအမျိုးသမီးသမဂ္ဂ၊ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ GN-32၊ကရင်အမျိုးသားအစည်းအရုံးစသည့်အဖွဲ့အစည်းများမှ အင်အား (၂၀၀)ကျော်ခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပအိုဝ်းအမျိုးသား၊အမျိုးသမီးတို့မှ ရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပအိုဝ်းအမျိုးသားနေ့အခမ်းအနားအောင်မြင်စွာပြီးစီးခဲ့သည်ဟု သိရသည်။

❖



ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများ

# ရဟတ်ယာဉ်ပျက်ကျမှု နောက်ကွယ်မှ

“ဒီတစ်ကြိမ်တော့ထိသွားပြီ။ သူ့ နောက်ကလိုက်ချောင်းနေတာကြာပြီ”

သက္ကရာဇ်၂၀၀၁ခုနှစ် ဖေဖော် ဝါရီလ(၁၉)ရက်၊တနင်္လာနေ့ ရန်ကုန်နဲ့ ကီလိုမီတာ(၃၀၀)ဝေးတဲ့ ကံပေါက် အနီးရဟတ်ယာဉ်ပျက်ကျမှုမှာ နအဖ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး သေဆုံးသွားတဲ့သတင်းအပေါ် ပြည်ပရောက် မြန်မာ့ဒီမိုကရေစီ လှုပ် ရှားသူတဦးရဲ့ အမြင်ပါ။ ဒီကိစ္စဟာ စနစ်တကျလုပ်ကြံသတ်ဖြတ်မှုလား။ မတော်တဆပျက်စီးမှုလားဆိုတာ လူ တော်တော်များများ စိတ်ဝင်စားကြပါတယ်။

“သမိုင်းလေး ပြန်ပြောပါရစေ။ ပြည်တွင်းစစ်ဖြစ်စတုန်းက ဗိုလ်မှူးကြီး စိန်မှန်ဟာ ပေါင်းတည်၊လက်ပံတန်းနယ်မှာရှိတဲ့ သူပုန်တွေကို လေယာဉ်တွေနဲ့ သွားရောက်နှိမ်နှင်းခဲ့ပါတယ်ခင်ဗျား။ နှိမ်နှင်းတုန်းမှာ ဗိုလ်မှူးကြီးစိန်မှန်ဟာ

**ရဲနည်**

အောက်ကပစ်လိုက်တဲ့ကျည်ဆံနဲ့ ကျဆုံးခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ပစ်တယ်ဆိုတဲ့ ကျည်ဆံဟာ ရှေ့ကမဝင်ဘဲ နောက်က ဝင်တယ်ဆိုတဲ့သတင်းတွေ ဖြစ်ခဲ့ဖူးခဲ့ပါတယ်။ ဗမာပြည်သမိုင်းမှာ အဲဒီလို နောက်ကပစ်လို့ ကျဆုံးရတဲ့ စစ်ဗိုလ်တွေ ရှိခဲ့ဖူးပါတယ်”လို့ အမေရိကန်ပြည်ထောင်စုမှာနေထိုင်နေတဲ့ သမ္မာရင့်သတင်းဆရာကြီး ကြေးမုံဦးသောင်းက မြန်မာစစ်တပ်တွေရဲ့အမှုအကျင့်တွေနဲ့ ပတ်သက်ပြီး RFA မှာပြောပြပါတယ်။

ဗိုလ်ချုပ်ကြီးတင်ဦးဟာ ယခု ရဟတ်ယာဉ်ပျက်ကျမှုမတိုင်ခင် သူ့ကို ရည်ရွယ်ပြီးလုပ်ကြံမှုများကို အကြိမ်ကြိမ်ခံခဲ့ရသူပါ။၁၉၉၆၊ဒီဇင်ဘာလ ရန်ကုန်ကမ္ဘာအေးလိုဏ်ဂူမှာ လူငါးဦး သေစေခဲ့တဲ့ဗုံးဖောက်ခွဲမှုများဟာ သူ့ကို ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။နအဖစစ်အုပ်စုက ကရင်လက်နက်ကိုင်များရဲ့လက်ချက်လို့ စွပ်စွဲပေမယ့် သက်သေခံ ထောက်အထား ဘာမှမပြနိုင်ခဲ့ပါဘူး။ ၁၉၉၇၊ဧပြီလမှာလည်း ဂျပန်က ပို့လိုက်တယ်လို့ ဗိုလ်ချုပ်ခင်ညွန့် စွပ်စွဲခဲ့တဲ့ ပါဆယ်ဗုံးပေါက်ကွဲမှုဟာ ဗိုလ်ချုပ် တင်ဦးအိမ်မှာဖြစ်ခဲ့တာပါ။ ဒု–ဗိုလ်ချုပ် ကြီးတင်ဦးအိမ်မှာရှိနေပေမယ့် အထိရအခိုက် မရှိခဲ့ပါဘူး။ သူရဲ့ သမီးကြီး တက္ကသိုလ်ဆရာမ ချိုလှဲ့ဦး ဓားစာခံ ဖြစ်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့နှစ် ပြည်မြို့ခရီးမှာလည်း တကြိမ်ဖြစ်ပွားခဲ့ပေမယ့် ဗိုလ်ချုပ်တင်ဦး လွတ်မြောက်သွားခဲ့တယ်လို့ ဘန်ကောက်ပို့စ်သတင်းစာမှာ သတင်းစာဆရာအောင်ဇော်က ရေးသားထားပါတယ်။နအဖစစ်အုပ်စုရဲ့ တရားဝင် ထုတ်ပြန်ကြေညာချက်များအရ တနင်္လာနေ့ရဟတ်ယာဉ်ပျက်ကျမှုဟာ စက်ပိုင်းဆိုင်ရာချို့ယွင်းချက်ကြောင့်လို့ သိရပါတယ်။

“ဒီရုရှားလုပ် MI-17 ရဟတ်ယာဉ်ဟာ တကယ့် ပေါချောင်ကောင်းများလားဆိုပြီးတော့ စုံစမ်းကြည့်တော့ မဟုတ်ပါဘူး။ အင်မတန်မှ နာမည်ကြီးပြီး ကမ္ဘာ့နိုင်ငံ(၅၀)ကျော်က လေတပ်တွေသုံးစွဲနေတဲ့ အမျိုးအစားပါ။ အင်မတန်မှ တိုက်ရေးခိုက်ရေးစွမ်းအင် ကောင်းတယ်ဆိုတာ သိရပါတယ်။ ဒါပေမယ့် နအဖက ဘယ်ကဝယ်ခဲ့သလဲ။ဘယ်လိုအရည်အသွေးမျိုးတွေ ဝယ်သလဲဆိုတာတော့ ဘယ်သူမှအတိအကျ မသိနိုင်ဘူး”လို့ RFA သတင်းဌာနက ရုရှားလုပ် ရဟတ်ယာဉ်အကြောင်း ပြောပြပါတယ်။ ဒီ ရဟတ်ယာဉ်ဟာ တပ်ဖွဲ့ဝင်(၃၆)ယောက်ကို သယ်ယူတိုက်ပွဲဝင်နိုင်စွမ်းရှိတဲ့ အလတ်စား ပို့ဆောင်ရေး ရဟတ်ယာဉ် အမျိုးအစား ဖြစ်ပါတယ်။ အခုပျက်ကျခဲ့တဲ့ ရဟတ်ယာဉ်ဟာ ဒု–ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ နယ်စပ်ဒေသ စစ်ဆေးရေးခရီးစဉ်အတွက် မော်လမြိုင်မြို့က ဘားအံမြို့ကို ဦးတည်ပျံသန်းခဲ့ပါတယ်။သံလွင်မြစ်ကြောင်းအတိုင်း (၂၁)မိနစ်ကြာပျံသန်းအပြီး ဆင်းသက်ဖို့ (၂)မိနစ်အလိုမှာ ပျက်ကျခဲ့တယ်လို့သတင်းတွေအရ သိရပါတယ်။ဒု–ဗိုလ်ချုပ်ကြီးတင်ဦးနဲ့အတူ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်၊နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဗိုလ်မှူး ကြီးသိန်းညွန့်၊ အရှေ့တောင်တိုင်းတိုင်းမှူး ဗိုလ်ချုပ်သီဟသူရ သူရစစ်မောင်တို့ ရဟတ်ယာဉ်ပျက်ကျမှုမှာ သေဆုံးခဲ့ကြပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးရဲ့ရုပ်အလောင်း အခြားစစ်အရာရှိ(၁၁)ဦးတို့ကို စစ်အခမ်းအနားနဲ့ ဂုဏ်ပြုပြီး ရန်ကုန်မြို့မှာသဂြိုလ်ခဲ့ပါတယ်။ သတင်းများအရ ထုံးထမ်းစဉ်လာအတိုင်း ပေးပို့ကြတဲ့ ပန်းစည်း၊ပန်းခြင်း၊ပန်းခွေတွေကို အထူးလုံခြုံရေးတွေက တင်းကြပ်စွာစစ်ဆေးကြတယ်လို့ သိရပါတယ်။

“ဒီဗိုလ်ချုပ်ကြီးတွေ ခရီးထွက်ပြီဆို ခရီးစဉ်လုံခြုံရေးအတွက် သေသေချာချာ စနစ်တကျ စိစစ်ကြပ်မတ်ပြီးမှ သွားလာကြတာပါ။ အခုဟာက အစီအစဉ်တကျလုပ်ကြံသတ်ဖြတ်မှုလို့ ကျနော်ယုံတယ်”လို့ ဒီမိုကရေစီရေး လှုပ်ရှားသူ ကျောင်းသားတယောက်က ပြောပါတယ်။ သူ့လိုထင်မြင်ချက်မျိုး မြန်မာပြည်မှာ အတော်များးပါတယ်။

ဒါဆို ဘာကြောင့် ဒု–ဗိုလ်ချုပ်ကြီးတင်ဦးကို လုပ်ကြံရတာလဲ။တချို့ လေ့လာစောင့်ကြည့်သူတွေက ဒီဖြစ်ရပ်ဟာ ပြည်တွင်းပြည်ပအဖျက်သမားများကို သုတ်သင်ချေမှုန်းပစ်မယ်လို့ အကြိမ်ကြိမ်ပြောဆိုခြင်းဖြင့် ဖော်ပြနေတဲ့ သူ့ရဲ့ ခက်ထန်မာကြောတဲ့ရပ်တည်ချက်ကိုတိုက်ခိုက်တာလို့ ဝေဖန်ပြောဆိုကြပါတယ်။ပြည်ပရောက် အတိုက်အခံ အင်အားစုများက ဒီလုပ်ကြံမှုများဟာ စစ်အုပ်စုအတွင်း အကွဲအပြဲနဲ့ အာဏာလုပွဲတွေကို ရောင်ပြန်ဟပ်တာလို့ ပြောကြပါတယ်။ ဒီကိစ္စနဲ့ ပါတ်သက်ပြီး ဘန်ကောက်ပို့စ် ခွဲခြမ်းစိတ်ဖြာခြင်းကဏ္ဍမှာ သတင်းစာဆရာ အောင်ဇော်က အခုလို ရေးသားထားပါတယ်။

“ပြီးခဲ့သည့်အပါတ် မြန်မာပြည် မြောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော ရဟတ်ယာဉ်ပျက်ကျမှုကြောင့် နအဖထိပ်ပိုင်းအရာရှိသေဆုံးမှုသည် အဆင့်မြင့် စစ်အရာရှိများအကြား အာဏာအားပြိုင်မှုကို မြင်ရစေနိုင်သည်။ ၎င်းမှာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ လစ်လပ်သွားသောနေရာတွင် အစားထိုးရန် အုပ်စုကွဲများ၏ အားပြိုင်မှုများ ပိုမိုပြင်းထန်လာနိုင်သောကြောင့် ဖြစ်သည်။

စစ်ဦးစီးချုပ်လည်းဖြစ်၊ နအဖ၏ အတွင်းရေးမှူး(၂)လည်းဖြစ်သော အသက်(၆၇)အရွယ်ရှိ ဒု–ဗိုလ်ချုပ်ကြီး





တင်ဦးသည် နအဖ ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးဦးဆောင်သော နိုင်ငံရေးအရခေါင်းမာသောအုပ်စုနှင့် နီးစပ်သည်။

အကယ်၍ ဗိုလ်ချုပ်ကြီး မောင်အေး ရာထူးအဆင့်တိုး၍ နအဖဥက္ကဋ္ဌဖြစ်ပါခဲ့က နအဖဒုဥက္ကဋ္ဌနေရာအတွက် သူအားအစားထိုးရန် ပြင်ဆင်ထားပြီးဖြစ်သည်။

ဒု–ဗိုလ်ချုပ်ကြီး တင်ဦးသည် ရုရှား၊ တရုတ်နှင့်အနောက်နိုင်ငံများမှ စစ်လက်နက်ပစ္စည်းများ ဝယ်ယူစွမ်းဆောင်နိုင်သူတစ်ဦးအဖြစ် စစ်တပ်ထဲတွင် တန်ဖိုးရှိသောသူတစ်ယောက်ဖြစ်သည်။

သူ၏လူသိများလှသော ရိုင်းစိုင်းပြီး တုံးတိတိအပြုအမူများကြောင့် လူထုအများစုက မနှစ်ခြိုက်သော်လည်း စစ်တပ်ထဲတွင် လေးစားခံရသူတစ်ဦးလည်းဖြစ်သည်။”

ဒါ့အပြင် RFA က ဦးဇော်ဝိတ်ကလည်း အခုလိုပြောဆိုခဲ့ပါတယ်။

“ကျနော်ကတော့ ASIA TIMES မှာပါတဲ့ အချက်ကလေးတချက်ကို ပြန်စဉ်းစားမိတယ်။သူက ဘယ်လိုရေးထားသလဲဆိုတော့ နအဖအဖွဲ့ရဲ့ ဒုဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်ကြီးမောင်အေးဟာ ဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနားယူသွားခဲ့လို့ရှိရင် သူဟာ ထုံးစံအတိုင်း ဒု–ဥက္ကဋ္ဌဖြစ်လာဖို့ အကြောင်းရှိပါတယ်တဲ့။ အဲဒီလိုများ ဥက္ကဋ္ဌဖြစ်လာခဲ့လို့ရှိရင် ဒုတိယဥက္ကဋ္ဌ နေရာကို အခုကွယ်လွန်သွားတဲ့ ဒု–ဗိုလ်ချုပ်ကြီးတင်ဦးကို လျာထားပါတယ်တဲ့။အဲဒါပြီးလို့ရှိရင်တော့ သူတို့ တပ်မတော်ထဲကပဲ (ထောက်လှမ်းရေးထဲက မဟုတ်တဲ့) အတွင်းရေးမှူး(၂)ရဲ့ နေရာကိုလျာထားဖို့ အစီအစဉ်တွေရှိတယ်လို့ ခန့်မှန်းတွက်ချက်ပြီးတော့ ပြောသွားပါတယ်။ အဲဒီ ဆောင်းပါးမှာပါ ။အခုဟာက အဲဒီလို မဟုတ်တော့ဘဲ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ကွယ်လွန်သွားတယ်ဆိုတော့ကာ ဗိုလ်ချုပ်ကြီးမောင်အေးအနေနဲ့ အင်အားတရပ် သိသိသာသာ နည်းသွားတယ်။ နဂို သူကြံစည်ထားတဲ့အတိုင်း လုပ်ဖို့လည်း ပျက်ပြားသွားတယ်။ အဲဒါကြောင့် အစီအစဉ်တွေတစုံတရာ အပြောင်းအလဲ ဖြစ်လာဖို့ရှိတယ်လို့ ကျနော်မြင်တယ်။”

ဘာကြောင့်ပဲဖြစ်ဖြစ် စစ်အရာရှိ ထိပ်တန်းခေါင်းဆောင်တွေ သေဆုံးသွားပြီးတဲ့နောက် စစ်အရာရှိတွေအတွင်း လှုပ်လှုပ်ရှားရှား အဖြစ်စေဆုံးကတော့ ရာထူးအပြောင်းအလဲကိစ္စပါပဲ။

ထိပ်တန်း စစ်အရာရှိကြီးများနဲ့ နီးစပ်တဲ့ လေ့လာသုံးသပ်သူတစ်ဦးကတော့ ထိပ်ပိုင်းခေါင်းဆောင်များကြား စိတ်တဝမ်းတည်းဖြစ်စေဖို့ အချိန်ယူရမယ်လို့ ပြောပါတယ်။ သူကဆက်ပြီးပြော တာက

“ဘယ်သူ ဘယ်နေရာတွေမှာ တာဝန်ထမ်းဆောင်မလဲဆိုတဲ့ စာရင်း သူတို့မှာရှိပါတယ်။ဒါပေမယ့် အခု ဖြစ်ရပ်က အားလုံးကို အံ့အားသင့်စေခဲ့တယ်”လို့ ဗန်ကောက်ပို့စ်မှာ သတင်းစာဆရာအောင်ဇော်က ဖော်ပြခဲ့ပါတယ်။

ဒီ သဗ္ဗတ်အူလို ရှုတ်ထွေးပွေလီမ်နေတဲ့ မြန်မာပြည်အုပ်စိုးသူစစ်အာဏာရှင်လူတန်းစားများရဲ့ သတင်းတွေကို မြန်မာပြည်သူတွေအနေနဲ့ ရင်သပ်ရှုမောစောင့်ကြည့်နေရုံကလွဲလို့ ဘာမှလုပ်မရပါဘူး။နှစ်ပေါင်း(၄၀) အမှောင်ကျခဲ့တဲ့ခေတ်ဆိုးကြီးထဲမှာ အဖိနှိပ်ခံပြည်သူလူထုအနေနဲ့ စစ်တပ်ဆိုတာ အော့နှလုံးနာစရာတခုလို့ မြင်နေကြတာကြာပါပြီ။ ဒု–ဗိုလ်ချုပ်ကြီးတင်ဦး ရဟတ်ယာဉ်ပျက်ကျတဲ့သတင်း ရေဒီယိုထဲပါလာအပြီး ရန်ကုန်ရှိ ကုန်သည်တဦးက အခုလို ရင်ဖွင့်သွားခဲ့ပါတယ်။

“ဒီလူ သေတယ်ဆိုတာကြားတော့ ဘယ်လိုမှမခံစားရဘူး။ ပြောရရင် သေသွားတော့ အေးတာပေါ့လို့ ခံစားမိတယ်။ အခွင့်အရေးမရှိလို့ပါ။ အိုးစည်ဗုံမောင်းနဲ့ကို အသုဘလိုက်ပို့ကြဦးမှာ”။ ❖

## လွတ်လပ်ခြင်းကောင်းကင်တွင် ရေးထိုးသော သစ္စာရာဇ်

တဘာဝစာ
နှစ်ခါတိတိမော့ကြည့်ပြီးမှ
ဟောဒီဂိတ်ရှိုးပေါက်က ဝင်ခဲ့တာပါ။

မတော်တဆဖြစ်ခဲ့တာမဟုတ်
သမိုင်းဦးမှတ်တမ်းမှာ
ကမ္ဘာမကြေနိဒါန်းတွေလည်းရှိရဲ့
ရွှေကျောင်းပြောင်ပြောင်
ဝမ်းခေါင်ခေါင်တဲ့
အာဏာသရမ်းတွေ အာဏာယစ်လေတော့
တိုင်းပြည်က ဂျစ်ဂျစ်မြည်အောင်ဆင်းရဲ
ကြေကွဲရှိုက်ငင်မှုတွေက
ရှိုက်ငင်ကြေကွဲစွာပဲ မိုးထိခုံးထ
၈၈ လူထုအုံကြွမှုနဲ့
၉၀ ပြည့်ရွေးကောက်ပွဲရလာဒ်ဟာ
အချုပ်အခြာအာဏာ ပြည်သူ့ထံကသက်ဆင်းရေး
ဒီမိုကရေစီရေးနဲ့လူ့အခွင့်အရေးအတွက်
ပြည်သူ့ဘက်က
ပြည်သူ့အစိုးရကို ရဲရင့်တည်ကြည်စွာ
ရွေးချယ်လိုက်တာဖြစ်တယ်။

ဂိတ်ရှိုးပိုစတာတွေကို ယုံကြည်ခဲ့တယ်
ကိုယ့်ကြမ္မာ ကိုယ်ရွေးချယ်ခဲ့တယ်
ငါတို့ပြည်သူတွေ
လွတ်မြောက်ခြင်းတေး သီကြွေးလို့မဆုံး
ပြည်ဖုံးကား မ, ချိန်ရောက်မှ
ဓမ္မအပေါ် သစ္စာဖောက်
ချီကောက်တွေနဲ့ ကဖို့ကြိုးစား
လူထုကို လှည့်ဖျားရက်ပြန်ပေါ့။

မကျစေရဘူး
တချို့ တို့ခေါ်
တချို့ ညို့ယူ
အချို့ တိုက်ဖျက်
မီးဖွားဖို့ခက်နေတဲ့
မိုးတိမ်သန္ဓေစတွေကို
တဆုပ်ချင်း ဖွဲ့ဖွဲ့ချ
ရွေးကောက်ပွဲရဲ့ အနှစ်သာရ
ကြီးမားတဲ့ လူထုဆန္ဒဖွဲ့
ပြန်ပေးတွေလက်ထဲ မကျစေရဘူး။

ဟိုမှာ ရှုလော့
ဘယ်တော့မှ အညှို့မခံ
ခွပ်ဒေါင်းအောင်လံတွေ မိုးယံမြှင့်
‘ကြယ်ဆယ်ပွင့်ကို ဝန်းရံကြ’
လူထုခေါ်သံ ဘဝဂ်ညံ့ရော့
တောင်တန်းတွေနဲ့ ရင်ချင်းဆက်နေတဲ့
အဲဒီ အာရုံခံမိုးပြာပြာကြီးဟာ
ငါတို့ လွှတ်တင်ထားတာပေါ့။ ။

ငြိမ်းသစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏
၁၉၉၉ခုနှစ်၊မေလ(၂၇)ရက်နေ့ထုတ် စာစောင်မှ
ပြန်လည်ဖော်ပြပါသည်
❖

# မိုးကြိုး သတင်းစဉ်

## တွေ့ဆုံခြင်း စာမျက်နှာ

**မိုးကြိုး**။ ။ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့စကားပြောနေတဲ့ ဖြစ်စဉ်ကို သတိနဲ့မျှော်လင့်တယ်လို့ ပြောပါတယ်။ ခင်ဗျား ဘယ်လို အဓိပ္ပါယ်ဖွင့်ပါသလဲ။

**အောင်**။ ။ကနေ့ မြန်မာပြည် ဒီမိုကရေစီ လှုပ်ရှားမှုကြီးအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်သူတွေကထောက်ခံတဲ့ ပြည်သူ့ဆန္ဒတွေ အပေါ်မှာ အခိုင်အမာရပ်တည်နေတဲ့ ဒီလှုပ်ရှားမှုကြီးရဲ့ ဦးစီးခေါင်းဆောင် ဖြစ်ပါတယ်။ဒါဟာ လူထုရဲ့ဆန္ဒ အစစ်အမှန်ပါ။ကျနော်တို့က ဒီလှုပ်ရှားမှုကြီးအတွင်းက အစိတ်အပိုင်းတခုအနေနဲ့ တပ်သားတွေအနေနဲ့ ကိုယ်ရောက်တဲ့နေရာကနေပြီး လှုပ်ရှားမှုကြီးအရှိန်အဟုန်မြင့်ဖို့ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေကြပါတယ်။ လှုပ်ရှားမှုကြီးရဲ့ ခေါင်းဆောင်က ဒီနေ့ ဖြစ်စဉ်ကို သတိနဲ့ မျှော်လင့်ချဉ်းကပ်တယ်ဆိုရင် ကျနော်တို့အနေနဲ့လည်း ဒီ ဖြစ်စဉ်ကို သတိနဲ့ ချဉ်းကပ်ရပါလိမ့်မယ်။ ပြင်ဆင်စရာရှိတာတွေကို သတိနဲ့ ပြင်ဆင်ရပါလိမ့်မယ်။ဘာလို့လည်းဆိုရင် ဒီနေ့ ဒီမိုကရေစီရေး လှုပ်ရှားမှုမှာ သူက ဦးစီးချီတက်နေလို့ပါပဲ။ ကျနော်တို့က သူ့ရဲ့ ခိုင်မာအားကိုးရတဲ့ တပ်သားကောင်းတွေ ဖြစ်ဖို့လိုတယ်။ပြင်းထန်တဲ့ တိုက်ပွဲတပွဲဖြစ်နေတဲ့ အချိန်အခါမှာ ကိုယ့်ခေါင်းဆောင်ကပေးတဲ့ အမိန့်ကို အဓိပ္ပါယ်အမျိုးမျိုးဖွင့်ပြီး ဆွေးနွေးငြင်းခုန်နေကြရင် ကိုယ့်ခေါင်းကို ကျည်ဆံမှန်မှာပေါ့။ ကိုယ့်တပ်ပြိုမှာပေါ့။ဒါဟာ ဟိုး လုံခေတ်၊ဒါးခေတ်ကတည်းကနေ အခု အနုမြူခေတ် ဒုံးပျံခေတ်အထိ မရိုးတဲ့၊ နောက် အင်မတန်ရိုးစင်းတဲ့ သေနင်္ဂဗျူဟာအမြင်ဖြစ်ပါတယ်။ဒါကြောင့် ကျနော် ရှည်ရှည်ဝေးဝေး အဓိပ္ပါယ်တွေ ဖွင့်မနေချင်ပါဘူး။

**မိုးကြိုး**။ ။EU က မြန်မာပြည်မှာ လက်ရှိ နိုင်ငံရေးအခြေအနေတွေဟာ စိုးရိမ်ဖွယ်အနေအထားမှာပဲ ရှိနေတယ်လို့ ပြောပါတယ်။အချို့ အဖွဲ့အစည်းတွေက နအဖသဘောထား ပျော့ပြောင်းလာပြီလို့ ဆိုပါတယ်။ ခင်ဗျားအမြင် ဘယ်လိုရှိပါသလဲ။

**အောင်**။ ။ဟုတ်ပါတယ်။ EU က ထုတ်ပြန်တဲ့ သဘောထားလိုပဲ မြန်မာပြည်မှာ လက်ရှိနိုင်ငံရေး အခြေအနေတွေဟာ အခုအချိန်အထိ စိုးရိမ်ဖွယ် အနေအထားမှာပဲ ရှိနေတယ်လို့ ကျနော်တို့ မြင်ပါတယ်။ ဒါဟာ အခု စကားပြောဆိုနေတယ်ဆိုတဲ့ ဖြစ်စဉ်နဲ့ ဆက်စပ်နေတာလည်း ဖြစ်ပါတယ်။ အခု စကားပြောဆိုနေတဲ့ ဖြစ်စဉ်ဟာ အမှန်တကယ်ပဲ အကောင်းဘက်ကို ဦးတည်မလား၊ ဦးမတည်ဘူးလား ဆိုတာ ပြောဆိုဖို့အတွက် ကျနော်တို့မှာ ခိုင်မာတဲ့အချက်အလက်တွေ ရှိဖို့ လိုပါလိမ့်မယ်။ဒီဖြစ်စဉ်နဲ့ ပတ်သက်လို့ ပထမဦးဆုံး အတည်ပြုပြောကြားတာက UN အထူးကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးနဲ့ UN က တာဝန်ရှိသူတွေပါ။အဲ့ဒီနောက် EUကိုယ်စားလှယ်တွေ[redacted] အခြေအနေတွေနဲ့ ပတ်သက်လို့ တိုးတက်မှုရှိ–မရှိ သွားရောက်လေ့လာခဲ့တာပါ။နအဖ ထိပ်တန်းခေါင်းဆောင်တွေနဲ့ရော ဒေါ်အောင်ဆန်းစုကြည်၊ နောက် (၉၀)ပြည့် ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြောက်ခြင်းခံရတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ပါ တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ အဲ့ဒီတော့ EU တို့ UN တို့မှာရှိတဲ့ အခု တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေဟာ အခု ကျနော်တို့မှာ ရှိတဲ့ အချက်အလက်တွေထက် ပိုပြီး ခိုင်မာလိမ့်မယ်။ ဒါကြောင့် သူတို့ရဲ့ ထင်မြင်ချက်တွေကို ကျနော်တို့ အလေးအနက်ထားစဉ်းစားဖို့ လိုပါလိမ့်မယ်။ နောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖခေါင်းဆောင်တွေ စပြီး စကားပြောကြပြီဆိုတော့ ဒီစကားပြောလာတာဟာ နအဖအနေနဲ့ နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနည်းအရ အဖြေရှာဖို့ တာစူလာပြီလားလို့ စဉ်းစားစရာဖြစ်လာပါတယ်။အဲ့ဒီလို တာစူလာရင်လည်း ကောင်းတဲ့လက္ခဏာပါ။ ကျနော်တို့ တိုင်းပြည်မှာ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး နောက်ဆုံး ကိုယ့်အမျိုးသားဂုဏ်သိက္ခာပါ ရစရာမရှိအောင်ကျဆင်းနေပါတယ်။ဒီ ဒဏ်တွေကို တိုက်ရိုက်အထိနာအောင် ခံရတာက ပြည်သူတွေပါ။ဒါကြောင့် ပြည်သူတွေရဲ့အခြေအနေ အမြန်ဆုံး တိုးတက်ကောင်းမွန်ဖို့ လူထုကရွေးချယ်ထားတဲ့ နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးအင်အားစုအသီးသီးက ပြဿနာတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အမြန်ဆုံး ပြေလည်စေချင်ပါတယ်။ ဒါကြောင့်လည်း တွေ့ဆုံဆွေးနွေး အဖြေရှာကြပါ။ ပြည်တွင်းစစ်ကို ရပ်ပါလို့ ထပ်တလဲလဲ နှစ်ရှည်လများ တောက်လျှောက်တောင်းဆိုခဲ့တာ ဖြစ်ပါတယ်။အခုလို စကားပြောလာပြီလို့ အသံကြားတော့ အချို့အဖွဲ့အစည်းတွေကလည်း ပြေလည်ချင်တဲ့ စေတနာ လွန်ကဲပြီး နအဖ ပျော့ပြောင်းလာပါပြီလို့ ပြောကောင်းပြောမိပါလိမ့်မယ်။ တကယ့် အခြေအနေတွေကို ကြည့်ရင်တော့ အခု စကားပြောဆိုနေတာတွေနဲ့ ပတ်သက်လို့ ကျနော်တို့မှာ ခိုင်ခိုင်မာမာ အချက်အလက် မရှိသေးပါဘူး။ NLD ဒု–ဥက္ကဌ ဦးတင်ဦးကို ပြန်လွှတ်ပေးတယ်ဆိုတာကလည်း ရဲမွန် အချုပ်ကနေပြီး အိမ်အချုပ်ကို ပြောင်းတာပဲ ဖြစ်ပါတယ်။ NLD က (၈၇) ဦးကို ပြန်လွှတ်ပေးတယ်ဆိုတာကလည်း နဂိုကတည်းက မဖမ်းရမယ့် လူတွေကို ဖမ်းပြီး ပြန်လွှတ်တာပဲ ဖြစ်ပါတယ်။ အခုအချိန်အထိ ထောင်ထဲမှာ နိုင်ငံရေး အကျဉ်းသား နှစ်ထောင့်ငါးရာကျော် ကျန်သေးတယ်။တချို့ဆိုရင် လွတ်ရက်စေ့တာတောင် မလွှတ်ပေးဘဲ ထောင်ထဲ



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်

မှာ ဆက်ထည့်ထားတယ်။ ဥပမာ – မနတအဖွဲ့က ဦးတင်အေးကြူ တို့လိုပေါ့။ကရင်၊ကရင်နီ၊ရှမ်းဒေသတွေကိုလည်း အကြီးအကျယ် ထိုးစစ်ဆင်နေတုန်းပါပဲ။ သူများနိုင်ငံကိုတောင် ရန်ရှာနေလိုက်ပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို သတင်းစာတွေကနေ ပုတ်ခတ်တာ လျှော့လိုက်ပြီဆိုပေမယ့် အစဉ်အလာကြီးမားတဲ့ နိုင်ငံရေးသမားကြီးတွေကို ပုတ်ခတ်စော်ကားတုန်းပါပဲ။ အချို့ သတင်းတွေက ပျော့ပြောင်းလာပါပြီဆိုတော့ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ ကြယ်တပွင့်ဖြစ်တဲ့ ကိုမိုးသီးဇွန်ရဲ့ စကားနဲ့ပြောရရင် ကျွန်တော်တို့က ပြန်ပေးသမားတွေကို ကျေးဇူးတင်ရမလို ဖြစ်နေပါတယ်။

**မိုးကြိုး**။ ။မဟာသိယာနဲ့ တစည ပါတီက ရွေးကောက်ပွဲအသစ်အတွက် ပြောဆို စည်းရုံးနေကြပါတယ်။ ခင်ဗျား အမြင် ဘယ်လိုရှိပါသလဲ။

**အောင်**။ ။ပထမအနေနဲ့ ပြောလိုတာက ရွေးကောက်ပွဲအသစ်ဆိုတာ ဘယ်လိုမှ လက်ခံလို့ မရတဲ့ ကိစ္စပါ။ နောက်ပြီး မဟာသိယာက ကျနော်တို့ ဒေသတွင်းမှာ အာဏာရှင်တပိုင်း ဖြစ်တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။အင်ဒိုနီးရှားမှာ ဆူဟာတို စင်မြင့်ပေါ်က ပျောက်သွားပြီးတဲ့နောက် နအဖရဲ့ ခိုင်မာတဲ့မဟာမိတ်တဦးလည်း ဖြစ်ပါတယ်။ တစည ဆိုတာကတော့ နအဖနဲ့ ခွဲလို့မရပါဘူး။ မဟာသိယာနဲ့ တစည က ရွေးကောက်ပွဲ အသစ်ကိစ္စ ပြောလာတော့ ဒီနေ့ နိုင်ငံရေး ဖြစ်စဉ်ကို နအဖ က ရှုပ်ထွေးအောင် လုပ်နေတယ်လို့ သံသယဖြစ်မိပါတယ်။

**မိုးကြိုး**။ ။အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ဒီမိုကရေစီရေး၊လူ့အခွင့်အရေး ဖော်ဆောင်ရေးတွေအတွက် အခြေခံကျတဲ့ ခိုင်မာတဲ့ခြေလှမ်းတွေဟာ ဘာတွေလို့ ခင်ဗျား မြင်ပါသလဲ။

**အောင်**။ ။အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဖော်ဆောင်ရေးတွေကို တကယ်ရှေ့ရှုမယ်ဆိုရင် ပြည်သူတွေနဲ့ နိုင်ငံတကာက အခိုင်အမာ လက်ခံလာအောင် နအဖအနေနဲ့ တကယ်ခိုင်မာတဲ့ ခြေလှမ်းတွေကို လှမ်းဖို့ လိုပါလိမ့်မယ်။

ပထမတချက်အနေနဲ့ နအဖ ဟာ တိုင်းပြည်တွင်းမှာ အမှန်တကယ် ဖြစ်ပျက်နေတဲ့ နိုင်ငံရေးပြဿနာတွေ၊ အမျိုးသားရေး ပြဿနာတွေ၊ စီးပွားရေး လုံးဝ နလံမထူအောင်ဖြစ်နေတာတွေ၊အခြား လူမှုရေးပြဿနာတွေ၊ ယုတ်စွအဆုံး နိုင်ငံတကာမှာ ကိုယ့်ဂုဏ်သိက္ခာ ကျဆင်းနေတာတွေကို အရှိကို အရှိအတိုင်း အသိအမှတ်ပြု လက်ခံရပါလိမ့်မယ်။ ဒါမှ ပြဿနာ ဖြေရှင်းဖို့ နည်းလမ်းကို ရှာလို့ ရပါလိမ့်မယ်။

ဒုတိယ တချက်အနေနဲ့ အဲ့ဒီ ပြဿနာတွေကို ဖြေရှင်းဖို့ကို ဦးတည်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ အခု စကားပြောနေတဲ့ဖြစ်စဉ်ကို တရားဝင်NLD နဲ့နအဖ တစုံတရာ ဒီမိုကရေစီ ဝန်းကျင်အောက်မှာ တန်းတူရည်တူ ဆွေးနွေးမှုအဆင့်အထိ ရောက်အောင် သွားရပါလိမ့်မယ်။

တစုံတရာ ဒီမိုကရေစီ ဝန်းကျင်လို့ ကျွန်တော်ဆိုလိုတာက ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို နေအိမ်အကျယ်ချုပ်က လွှတ်ရပါလိမ့်မယ်။NLDနဲ့ အခြားနိုင်ငံရေးပါတီတွေရဲ့လွတ်လပ်မှုကို အသိအမှတ်ပြုရပါလိမ့်မယ်။ဆွေးနွေးပွဲ ဖြစ်စဉ်တွေကို ပြည်သူနဲ့နိုင်ငံတကာကို လွတ်လပ်တဲ့သတင်းဌာနတွေကတဆင့် တင်ပြရပါလိမ့်မယ်။အနိမ့်ဆုံး အဲ့ဒီ အဆင့်တွေလောက်တော့ လိုအပ်တယ်လို့ ထင်ပါတယ်။

တတိယ အချက်အနေနဲ့ကတော့ ဒီဆွေးနွေးမှုဖြစ်စဉ်တွေနဲ့ တဆက်တစပ်တည်းမှာပဲ နှစ်ငါးဆယ်ကျော် ဖြစ်နေတဲ့ ပြည်တွင်းစစ်ကို ရပ်ရပါလိမ့်မယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်မယ်လို့ ပြောပြီး၊ အမျိုးသားစည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်တာကြောင့် ဖြစ်တည်လာခဲ့ရတဲ့ ပြည်တွင်းစစ်ကိုအသိအမှတ်ပြုဖို့ ငြင်းဆန်နေမယ်ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်မယ်ဆိုတာ အဓိပ္ပါယ် မရှိပါဘူး။

စတုတ္ထ အချက်အနေနဲ့ အမျိုးသားရေးအင်အားစုတွေ အပါအဝင် နိုင်ငံရေးအင်အားစုတွေနဲ့ နအဖ သေသေချာချာ ဆွေးနွေးပြီး ကျွန်တော်တို့ တိုင်းပြည်ထဲက ပြဿနာတွေကို ဆက်လက်အဖြေရှာဖို့ လိုပါလိမ့်မယ်။ ဒါမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်ကို ပြန်လည်တက်နိုင်ပါလိမ့်မယ်။ ဒီမိုကရေစီရေးကို စုစုစည်းစည်းနဲ့ ဖော်ဆောင်နိုင်ပါလိမ့်မယ်။ပြည်သူပြည်သားတွေလည်း စိတ်လက်ချမ်းသာ နိုင်ပါလိမ့်မယ်။

**မိုးကြိုး**။ ။အသွင်ကူးပြောင်းရေးကာလနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောနေကြပါတယ်။ ခင်ဗျားအမြင် ဘယ်လိုရှိပါသလဲ။

**အောင်**။ ။အသွင်ကူးပြောင်းရေးကာလဆိုတာနဲ့ ပါတ်သက်လို့ ကျနော်တို့တိုင်းပြည်ကို ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ပြည်ထောင်စု တည်ဆောက်ရေး၊လမ်းကြောင်းပေါ်ရောက်အောင် စတင်ကြိုးစားကြတဲ့အချိန်ကစပြီး အဲ့ဒီရည်မှန်းချက်တွေ တစုံတရာ အခြေခိုင်တဲ့အချိန်၊ ဆက်လက်တိုးပွားဖွံ့ဖြိုးနိုင်မယ့် အခြေအနေအထိကာလလို့ မြင်ပါတယ်။ တစ်နည်းအားဖြင့် စစ်အာဏာရှင်စနစ်ကို စပြီးဖယ်ရှားတဲ့အချိန် အခြေအနေတွေကစမယ်လို့ ထင်ပါတယ်။ လက်ရှိအခြေအနေတွေ အရပြောမယ်ဆိုရင် ဂုဏ်သိက္ခာရှိတဲ့ တပ်မတော်တရပ်အဖြစ် ရပ်တည်ရေးအတွက် စစ်အာဏာရှင်စနစ်ဟာ အင်မတန်ဆိုးဝါးတဲ့ ရောဂါပိုးတခုဖြစ်တယ်ဆိုတာကို တပ်မတော်ကိုယ်၌က သဘောပေါက်လက်ခံပြီး ပြည်သူတွေနဲ့အတူလက်တွဲကာ စစ်အာဏာရှင်စနစ်ကိုဖယ်ရှားဘို့ သန္နိဋ္ဌာန်ချမယ်ဆိုရင် အသွင်ကူးပြောင်းရေးကာလကို ချောချောမွေ့မွေ့ တက်လှမ်းသွားနိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း စစ်အာဏာရှင်စနစ်ကို ဘယ်လိုဖယ်ရှားမယ်၊ ဒီမိုကရေစီငြိမ်းချမ်းရေး၊ ညီညွတ်ရေးတွေအပေါ်အခြေခံတဲ့၊ ပြည်ထောင်စုကြီး ဘယ်လိုတည်ဆောက်မယ်၊ ပြည်သူတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ လူနေမှုအဆင့်မြင့်မားအောင် ဘယ်လိုဆောင်ရွက်မယ်၊ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ဘယ်လိုကာကွယ်မယ်။တိုင်းပြည်ရဲ့ရေ၊မြေ တောတောင် သဘာဝတွေကို ဘယ်လိုထိမ်းသိမ်းမယ်၊ စသဖြင့် ကိုယ့်တိုင်းကိုယ့်ပြည်ကို လှလှပပဖြစ်အောင် တင့်တင့်တယ်တယ်ဖြစ်အောင် ပုံဖော်ချင်တဲ့ သဘောဆန္ဒတွေ အမြင်တွေ၊ တိုင်းချစ် ပြည်ချစ်ပုဂ္ဂိုလ်တွေမှာရော၊ ပြည်သူတွေမှာရော၊ နိုင်ငံရေးအင်အားစုတွေမှာရော၊ အသီးသီး အမြင်အမျိုးမျိုး ရှိကြပါလိမ့်မယ်။ ဒီအမြင်တွေကို စုစည်းနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

ဒီလိုအမြင်တွေ စုစည်းနိုင်မှ နိုင်ငံရေးအင်အားစုအသီးသီးအကြား တူညီတဲ့စစ်အုပ်စုဖယ်ရှားရေးလုပ်ငန်းစဉ် တိုင်းပြည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေ ရရှိမှာဖြစ်ပါတယ်။ဒီ လုပ်ငန်းစဉ်တွေဟာလည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ ထပ်တူကျရပါလိမ့်မယ်။ဒါမှသာ ဒီလုပ်ငန်းစဉ်တွေကို နိုင်ငံရေးအင်အားစု အသီးသီးက အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး အမျိုးသားအချင်းချင်း သင့်သင့်မြတ်မြတ်နဲ့ ငြိမ်းချမ်းတဲ့တိုင်းပြည်ကို တည်ဆောက်တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို အားလုံးသ ဘောတူတဲ့ လုပ်ငန်းစဉ်တွေ အခြေကျအောင် ဆောင်ရွက်ပြီးရင်တော့ အသွင်းကူးပြောင်းရေးကာလကို ကျော်လွှားပြီး သာယာတဲ့ တိုးတက်တဲ့ တိုင်းပြည်ကြီးကို မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း ဒီနေ့ကာလမှာ တိုင်းပြည်တွင်းက နိုင်ငံရေးအင်အားစုတွေ တွေ့ဆုံဆွေးနွေးကြပြီး တိုင်းပြည်ရဲ့ပြဿနာတွေ ဖြေရှင်းကြ၊ကိုယ့်အချင်းချင်း သံသယတွေပယ်ဖျောက်ကြဖို့ အလွန်လိုအပ်တဲ့အချိန်ကာလကြီး ဖြစ်ပါတယ်။ ဒါမှ မဟုတ်ရင်တော့ ကျနော်တို့တိုင်းပြည် အခုကျနေတဲ့ ချောက်ထဲကနေပြီး နောက်ထပ် ဆယ်ပြန်နက်တဲ့ ချောက်ထဲကို ဆက်ကျနေဦးမှာပဲ ဖြစ်ပါတယ်။

**မိုးကြိုး**။ ။ဒီကနေ့ ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးအတွင်းမှာ ခင်ဗျားတို့ ပါတီရဲ့ အခန်းကဏ္ဍက ဘာလဲ။ ပါတီရဲ့ ရေရှည်အတွက်ကိုရော ဘယ်လို ရည်မှန်းချက်မျိုး ရှိပါသလဲ။

**အောင်**။ ။ဒီနေ့ကာလမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ မြန်မာပြည် ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးအတွင်းက အစိတ်အပိုင်းတခု အနေနဲ့စစ်အာဏာရှင်စနစ်ကို စွမ်းစွမ်းတမံတိုက်ခိုက်နိုင်တဲ့ အင်အားစုတခုဖြစ်တယ်။ Pressure Group တခု ဖြစ်တယ်။ပြည်သူလူထုရဲ့ လက်ခံယုံကြည်မှုရအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ရေရှည်မှာတော့ လူမျိုးစုံ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ရှေ့ရှုတဲ့ တကယ်ပဲ ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံရေးပါတီတရပ်အဖြစ် ပြည်သူတွေက အသိအမှတ်ပြုအားကိုးတဲ့ ဘဝရောက်အောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။



ထိုင်းနိုင်ငံ၊မယ်ဆိုင်မြို့တဘက်ခြမ်း တာချီလိတ်နယ်အတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သော စက်ရုံ(၄၀)ခန့်ရှိဘိန်းစိုက်ခင်း အများအပြားရှိပြီး မူးယစ်ဆေးထွက်ရှိမှု များပြားနေကြောင်း အမ်ဖက်တမင်းဆေးလုံး(၁)သန်းခန့်ဝယ်ယူနိုင်သလို ဘိန်းဖြူ(၁၀)ကီလိုလောက်ကိုလည်း ဝယ်ယူနိုင်

ထိုင်းလွှတ်တော်နိုင်ငံခြားရေးကော်မတီ၏ လေ့လာတွေ့ရှိချက်

[redacted]

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်
နိုင်ငံရေးအစိုးရမဟုတ်သဖြင့် မည်သည့်
လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့်မျှ နိုင်ငံရေးနည်းအရ
စေ့စပ်ဆွေးနွေးခြင်းပြုရန် အကြောင်းမရှိပေ။**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်ကြေညာချက်အမှတ်(၁-၉၀)
၁၃၅၂ခုနှစ်၊ ဝါခေါင်လဆန်း(၆)ရက် ၁၉၉၀ပြည့်နှစ်၊ဇူလိုင်လ(၂၇)ရက်**

## နယ်စပ်ဒိုင်ယာရီ မှ အဆက်

မှားယွင်းရုံမျှမက အမျိုးသားသွေးစည်းညီညွတ်မှုစိတ်ဓါတ်နှင့်လည်း ဆန့်ကျင်နေပေသည်”ဟု ထုတ်ပြန်ကြေညာ။

**၂၀၀၁ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၅)ရက်၊ကြာသပတေးနေ့**

နယ်စပ်အခြေအနေမှာ တင်းမာလျက်ရှိမြဲ။ ထိုင်းတပ်များ အသင့်အနေအထားတွင်ရှိနေ။ ထိုင်း ထောက်လှမ်းရေးတပ်ဖွဲ့များအဆိုအရ မြန်မာ စစ်တပ်သည် ‘ဝ’တပ်ဖွဲ့များကို ချင်းရိုင်ဒေသတွင်းသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လှုပ်ရှားစေရေးပို့ပေးရန် အကြံအစည်ရှိသည်ဟုသိရ၊ ထောက်လှမ်းရေးမှူးတဦးက အချိန်မရွေး စစ်ဖြစ်နိုင်သည်ဟုပြော။မြန်မာစစ်တပ်များ ကျူးကျော်ဝင်ရောက်ခြင်းကို ဝန်ခံလိုက်ပြီး အကယ်၍ ထိုင်းကလျော်ကြေးငွေ လိုလားပါက ပျက်စီးမှုသက်သေများ ပြရမည်ဟု မြန်မာနိုင်ငံမှပြောကြား။ သို့သော်ထိုင်းနိုင်ငံမဲဆိုင်မြို့အား အမြောက်မော်တာများဖြင့် မိမိတို့မပစ်ကြောင်း၊ မိမိတို့ဘက်တွင်လည်း လူ(၃)ဦး သေဆုံးပြီး ထိုင်းနိုင်ငံဘက်တွင်လည်း (၃)ဦး သေဆုံးကြောင်း၊ ထိုင်းနိုင်ငံသည် ရှမ်းသူပုန်များကို စိတ်ဓတ်ပိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ကူညီထောက်ပံ့နေသည်ဟုစွပ်စွဲ။ ထိုင်းစစ်တပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဆွမ်ခူအန်က “မြန်မာစစ်တပ်များ ကျနော်တို့အချုပ်အခြာကို ထိပါးသိမ်းပိုက်ကျူးကျော်လာပြီးနောက်မှ ကျနော်တို့က အမြောက်ကြီးတွေနဲ့ပစ်တာပါ”ဟု ဗိုလ်မှူးကြီး ကျော်သိန်းစွပ်စွဲမှုများကို ခုခံပြောဆို။ ရှမ်းပြည်တပ်မတော် SSAမှ ထိုင်းနိုင်ငံမှ အကူအညီရရှိသည်ဆိုသည်မှာ မဟုတ်ကြောင်းငြင်းဆို။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၁၆)ရက်၊သောကြာနေ့**

အခြေအနေများ ဆက်လက်တင်းမာနေဆဲ။ထိုင်းတပ်မဟာ(၃) တပ်မှူး ဒု-ဗိုလ်မှူးကြီးဝပ်တနာချိုင်းက အခင်းဖြစ်ပွားနေရာ နယ်စပ်တလျှောက်လုံခြုံရေးတာဝန်ယူရန် သံချပ်ကာကား (၁၀၀)စေလွှတ်၊လေတပ်ဦးစီးချုပ်ပွန်မနီးဆင်ကလည်း ချင်းမိုင်၊ နခွန်ဆဝန်၊ နခွန်ရပ်ချ်စီမာ လေတပ်စခန်းများရှိ တိုက်လေယာဉ်များအသင့်ပြင်ထားရန် အမိန့်ပေးခဲ့၊သတင်းများအရ မြို့နယ်အဆင့်နယ်စပ်ကော်မတီအစည်းအဝေး မနေ့ကပြီးဆုံး၊ မြန်မာဘက်မှ ရှမ်းတပ်အားတိုက်ခိုက်ရန် မယ့်မာလွန်ရှိတောင်ကုန်းကို အသုံးပြုခွင့်မေးမြန်းကြောင်း၊မယ့်အိုင်ဒေသ ထိုင်းရဟတ်ယာဉ်ပစ်ခတ်မှုတွင် မပတ်သက်ကြောင်းမြန်မာအခေါ် “ဖူးတန်နယုန်” ဟုခေါ်သော မယ့်ဆိုင်ဒေသတွင်းသို့ မိမိတို့တပ်များ စေလွှတ်ခွင့်ရှိကြောင်း ပြောဆို။ထိုင်းဘက်မှ မယ့်မာလွန်ရှိတောင်ကုန်း အသုံးပြုခွင့်ကိုငြင်းပယ်ခဲ့၊ မြန်မာတပ်များ ထိုင်းအချုပ်အခြာပိုင်နက်ချိုးဖေါက်နေမှုများ ရပ်ဆိုင်းရန်နှင့်မဲဆိုင်မြို့တွင်းထိခိုက်သေဆုံးမှု မယ့်ဆိုင် ရဟတ်ယာဉ်ပျက်စီးမှုတို့အတွက် လျော်ကြေးငွေပေးရန် တောင်းဆို။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၁၇)ရက်၊စနေနေ့**

ထိုင်းဝန်ကြီးချုပ် ချွမ်လိပိုင် က မြန်မာနိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှုများ ရှောင်လွှဲနိုင်ရေး၊ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ရန်နှင့် ထိန်းထိန်းသိမ်းသိမ်း လုပ်သွားရန်တိုက်တွန်း။ ထိုင်းတပ်ဖွဲ့များအနေဖြင့် သတိအနေအထား အပြည့်အဝရှိသင့်ကြောင်းနှင့် အထက်အရာရှိများ၏ အမိန့်များကို တင်းကြပ်စွာလိုက်နာကြရန်လည်းပြောဆို။ နယ်စပ်ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် တာချီလိတ်တွင် ကုန်ဈေးနှုန်းများကြီးမြင့်လာနေ။ “မြန်မာတပ်များအနေဖြင့် ထိုင်းပိုင်နက်ကို ကျူးကျော်ရန် ရည်ရွယ်ချက်မရှိကြောင်းနှင့် ထိုင်းအစိုးရအနေဖြင့် ရှမ်းတိုင်းရင်းသား သူပုန်များအား နှိမ်နင်းရန် မြန်မာအစိုးရ၏ ကြိုးစားအားထုတ်မှုများအပေါ် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း” မြန်မာ သံအမတ်ဟောင်း ဦးလှမောင်ကပြောကြား။ထိုင်းနိုင်ငံခြားရေး ဝန်ကြီး ဆူရင်ပစ်ဆူဝမ် က နယ်စပ်တင်းမာမှုများသည် မြန်မာ့ပြည်တွင်းရေးမှ အခြေခံဆင်းသက်လာကြောင်း၊ ထိုင်းနိုင်ငံက သူပုန်များအားကူညီနေ၍ မဟုတ်ကြောင်း ထုတ်ဖော်ပြောဆို။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၁၈)ရက်၊တနင်္ဂနွေနေ့**

ထိုင်းနိုင်ငံ၊ တပ်ခရိုင် မဲဆောက်မြို့ သောင်ရင်းမြစ်ထဲတွင် ငါးဖမ်းနေသော ထိုင်းရွာသားများကို မြန်မာစစ်တပ်မှ ပစ်ခတ်၍(၁)ဦး အပြင်းအထန် ဒဏ်ရာရ။ အခင်းဖြစ်ပွားရာဒေသသို့ ထိုင်းတပ်ဖွဲ့ဝင်များ စေလွှတ်။

ထိုင်း တပ်မတော်အရာရှိများက ဗိုလ်ချုပ်ကြီးဟောင်း ချာဗာလစ်၏ နယ်စပ်တင်းမာမှုအပေါ် သဘောထားအား မကျေမနပ်ဝေဖန်လာကြ။ ၎င်းနယ်မြေတွင် နယ်နမိတ်မျဉ်း အတိအကျရှိပါက ယခုကိစ္စ မဖြစ်ပျက်နိုင်ဟု ဗိုလ်ချုပ်ကြီးချာဗာလစ်၏ ကောက်ချက်ကို ထိုင်းတပ်မဟာ(၃)မှ ဗိုလ်မှူးကြီးတဦးက “အခုကိစ္စက နယ်စပ်မျဉ်းနဲ့ ဘာမှမပတ်သက်ဘူး။ အဖြစ်အပျက်က ထိုင်းနယ်မြေထဲမှာ ဖြစ်ခဲ့တယ်ဆိုတာ အရမ်းရှင်းတယ်”ဟု ပြောဆို။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၁၉)ရက်၊တနင်္လာနေ့**

ထိုင်းအစိုးရသစ်က မြန်မာနိုင်ငံ ခရီးစဉ်အား အမောတကြီး မပြုလုပ်လိုကြောင်းကြေညာ။ ထိုင်းနိုင်ငံခြားရေး ဝန်ကြီးသစ် ဆူရာကီယတ်က ယခုချက်ခြင်း မြန်မာအစိုးနှင့် ညှိနှိုင်းတွေ့ဆုံသွားဖို့ မလိုသေးကြောင်း၊ ယခုကိစ္စမှာ နယ်စပ်ပြဿနာဖြစ်၍ ၎င်းဒေသရှိ လုံခြုံရေးအေဂျင်စီများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့်သာ ဖြေရှင်းရမှာဖြစ်ကြောင်း ပြောဆို။

ထိုင်းနိုင်ငံ ဖန်းနှင့် မယ့်အိုင်ဒေသ တဖက်ခြမ်း မြန်မာနယ်စပ်တွင် မြန်မာ စစ်တပ်အင်အား(၁၀၀၀)နှင့် ‘ဝ’ လက်နက်ကိုင်တပ်ဖွဲ့ (၅၀၀)တပ်စွဲထားကြောင်း သတင်းများရရှိ။ ရှမ်းပြည်နယ် ပြန်လည်တည်ဆောက်ရေးကောင်စီဥက္ကဌ ဗိုလ်မှူးကြီး ယော့ဆက် က အကယ်၍လိုအပ်လျှင် သူတို့၏အသက်ကိုစွန့်လွှတ်၍ ခုခံတိုက်ပွဲဝင်သွားမည်ဟုပြောကြား။ သူက ကမ္ဘာ့လူ့အဖွဲ့အစည်းနှင့် ရှမ်းပြည်သူများအား ဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ရပ်စဲသွားစေရန် SSA တွင် ကိုယ်ပိုင်ပေါ်လီစီရှိကြောင်း ပြောဆို။

နယ်စပ်တင်းမာမှုများ လျော့ပါးသွားရန်မလွယ်သေး။ နယ်စပ်နှစ်ဘက်စလုံး တပ်ဖွဲ့များတိုးချဲ့ ချလာနေ။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၀)ရက်၊အင်္ဂါနေ့**

ထိုင်းနိုင်ငံအနေဖြင့် လတ်တလောဖြစ်ပွားနေသည့် နယ်စပ်ပြဿနာများအား မြို့နယ်အဆင့် အာဏာပိုင်များအကြား ဆွေးနွေးခြင်းဖြင့် မြန်မာနိုင်ငံနှင့်အတူ ဖြေရှင်းနိုင်သည်ဟု ထုတ်ဖော်ပြောဆို။

အမျိုးသားလုံခြုံရေး တာဝန်ယူကြသော အေဂျင်စီများ ပူးတွဲတွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော နယ်စပ်ကော်မတီတရပ်ဖွဲ့စည်းပြီး ဖြစ်ပွားခဲ့သောပြဿနာများကို ထိန်းချုပ်ဖြေရှင်းရန်ကြိုးစားကြမည် ဟုကတိပြု။ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီယတ်က နယ်စပ်ကော်မတီ၏ ပထမအကြိမ်စကားဝိုင်းသည် ကြာသပတေးနေ့တွင် တာချီလိတ်နှင့် မဲဆိုင်တွင် အပြန်အလှန်ပြုလုပ်ပြီး အပြန်အလှန်စွပ်စွဲနေမှုများကို ဖြေရှင်းသွားမည်ဟုပြော။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၁)ရက်၊ဗုဒ္ဓဟူးနေ့**

နအဖအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံအနေနှင့် နိုင်ငံခြားဆက်ဆံရေးတွင် ရန်လိုမှုမရှိကြောင်း၊ နယ်စပ်ပြဿနာများကိုလည်း ထိုင်းနိုင်ငံနှင့် ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းလိုသည်ဟု မနေ့က ပြောဆိုကြောင်း သတင်းရရှိ။

“ကျနော်တို့ အစိုးရဟာ စစ်တပ်အစိုးရဖြစ်ပေမယ့်ရန်လိုတဲ့အမူအကျင့်မျိုးမရှိပါဘူး။ ကျနော်တို့ဟာ နိုင်ငံတိုင်းနဲ့ မိတ်ဆွေလိုဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမှာပါ။ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနဲ့ ဥပဒေများကို စောင့်ထိမ်းသွားမှာ ဖြစ်ပါတယ်”ဟု ဖောင်ကြီးတွင် ပြောကြား။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၂)ရက်၊ကြာသပတေးနေ့**

မနေ့က ရှမ်းပြည်တပ်မတော် SSAနှင့် မြန်မာစစ်တပ်တို့တိုက်ပွဲများဖြစ်ကြောင်း သတင်းရရှိ။ မိနစ် (၃၀) အကြာဖြစ်ပွားပြီး ရှမ်းတပ်များ မြန်မာတပ်စခန်းကို သိမ်းပိုက်ရရှိ။ စခန်းကို မီးရှို့ပြီး သံ့ပုန်းများဖမ်းဆီး။ မြန်မာဘက်မှ (၁)ယောက်သေ (၅)ယောက် ဒဏ်ရာရ။

ရန်ကုန်စစ်အစိုးရမှ ရှမ်းပြည်တပ်မတော်ကိုချေမှုန်းရန် တိုက်လေယာဉ်ပျံများနှင့် တင့်ကားအစီး (၅၀) တာချီလိတ်သို့စေလွှတ်။

ရှမ်းပြည်တပ်မတော်မှ ဗိုလ်မှူးကြီးယော့ဆက်က ယခုလှုပ်ရှားမှုသည် မြန်မာစစ်တပ်၏ လှုပ်ရှားမှုများအား ဖြိုခွဲဖြတ်တောက်ခြင်း ဖြစ်သည်ဟု ပြောကြား။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၃)ရက်၊သောကြာနေ့**

သတင်းများအရ မနေ့က ရှမ်းပြည်တပ်မတော် SSA သိမ်းပိုက်ခဲ့သောစခန်းကို မြန်မာစစ်တပ်မှ ပြန်လည် သိမ်းပိုက်။

မြန်မာစစ်တပ်များ နယ်နမိတ်မျဉ်းအစပ်သို့ပင် ရောက်နေပြီ ဖြစ်ကြောင်း၊နယ်စပ်နှင့်နီးကပ်စွာ‘ဝ’လူမျိုးများ နှစ်သိန်းနှင့် သုံးသိန်းအကြားပြောင်းရွှေ့နေရာချထားမှုသည် နယ်နမိတ်ပြဿနာကို ဖြစ်ပေါ်စေကြောင်း ထိုင်းပညာရှင်အသိုင်းအဝိုင်းမှ သတိပေး ပြောကြား။

ရန်ကုန်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထိုင်းနိုင်ငံသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများဖြစ်သည့် ရှမ်းပြည်တပ်မတော် SSA ကို ကူညီထောက်ပံ့နေကြောင်း စွပ်စွဲရေးသား။

မြန်မာစစ်တပ် တပ်ရင်း(၁၂)ရင်း UWSA ‘ဝ’လက်နက်ကိုင်စစ်သားများ SSA တပ်ဖွဲ့များ၏ တပ်စခန်းများကို တိုက်ခိုက်နေကြကြောင်း၊ SSA တပ်သား(၂၀၀၀)ကျော် ကာကွယ်တိုက်ပွဲဝင်နေကြကြောင်း၊ တိုက်ပွဲများ အကြီးအကျယ်ဖြစ်ပွားလျှက်ရှိကြောင်း သတင်းများ ရရှိ။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၄)ရက်၊စနေနေ့**

ထိုင်းစစ်တပ်က မြန်မာပြည်သည် နယ်စပ်ပြဿနာများဖြေရှင်းရန် အစပျိုးဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေးတွင် ရိုးသားမှုမရှိဟု စွပ်စွဲပြောကြား။ ဤအကြိမ်ဆွေးနွေးပွဲသည် နယ်စပ်တွေ့ဆုံဆွေးနွေးပွဲများကို (၂) နှစ်ကြာရပ်ဆိုင်းပစ်ခဲ့သော မြန်မာပြည်မှ စတင်ဖိတ်ကြားရမည်ဟု ထိုင်းစစ်တပ်မှ ပြောဆို။

ထိုင်းနယ်စပ် ပိတ်လိုက်သောကြောင့် ရန်ကုန်တွင်းဈေးနှုန်းများ (၂၀) ရာခိုင်နှုန်း တက်လာကြောင်းနှင့် မြန်မာကျပ်ငွေဈေး ကျဆင်းသွားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်း သံအမတ်ကြီးက ပြောကြား။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၅)ရက်၊တနင်္ဂနွေနေ့**

မကြာမီရက်ပိုင်းအတွင်း ရှမ်းပြည်တပ်မတော်၏ အခိုင်အမာစခန်းဒွိုင်းကိုဝန်တောင်ကုန်းအား တိုက်ခိုက်ရန်အလားအလာရှိ၊ရန်ကုန်စစ်အစိုးရထောက်ခံသော UWSA ‘ဝ’လက်နက်ကိုင်တပ်ဖွဲ့များလည်း ပါဝင်နေရာယူနေ။ ၎င်းဒေသနှင့်ကပ်လျက်ထိုင်းရွာ(၉)ရွာနေရာရွှေ့ပြောင်းမှုများ လုပ်နေကြောင်း သတင်းရရှိ။

မြန်မာစစ်သားများ ကား(၁၂)စီးခန့် အင်အားထပ်ဖြည့်။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၆)ရက်၊တနင်္လာနေ့**

ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗာလစ်က တွေ့ဆုံဆွေးနွေးပွဲများသည် နယ်စပ်မျဉ်းနှစ်ဖက်စလုံးရှိ တပ်ဖွဲ့များဆုတ်ပေးရန်နှင့် တင်းမာနေမှုများ လျော့ပါးသွားစေလိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖေါ်ပြောကြား။ ထိုင်းတပ်မဟာ(၃)တပ်မှူး ဝပ်တနာချိုင်းကမူ မြန်မာစစ်တပ်အပေါ် သံသယကြီးစွာ ထားရှိနေ။

မြန်မာနယ်စပ် တိုက်ပွဲများသည် မူးယစ်ဆေးဝါးကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ချုပ်ထွင်ရန်နှင့် ထိန်းသိမ်းကာကွယ်ရန်အတွက် ဖြစ်ပွားနေကြောင်း၊မြန်မာစစ်တပ်သည် ‘ဝ’တပ်ဖွဲ့များ၏ မူးယစ်ဆေးဝါးလုပ်ငန်းများတွင် အနှောင့်အယှက်ပြုနေသည့် ရှမ်းပြည်တပ်မတော်အား စစ်ဆင်တိုက်ခိုက်ခြင်းဖြင့် မူးယစ်ဆေးထုတ်လုပ်သူ‘ဝ’တပ်ဖွဲ့များနှင့် မဟာမိတ်ပြုကူညီဆောင်ရွက်သည်ဟု အဓိပ္ပါယ်ရောက်ကြောင်း ထိုင်းနိုင်ငံထုတ် သတင်းစာများတွင် ရေးသား။

တိုက်ပွဲသစ်များ ဖြစ်ပွားလာမည်ကို စိုးရိမ်သောကြောင့် တာချီလိတ်မြို့ရှိပြည်သူများ ဗုံးခိုကျင်းများတူးနေကြကြောင်း သတင်းများရရှိနေ။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၇)ရက်၊အင်္ဂါနေ့**

သတင်းများအရ မြို့နယ်အဆင့်နယ်စပ်ကော်မတီအစည်းအဝေးများ သဘောတူညီချက် တစုံတရာ မရရှိဘဲ မနေ့ကပြီးဆုံး။ ပထမပိုင်းဆွေးနွေးပွဲမှာ တာချီလိတ်မြို့တွင် ကျင်းပပြီး ဒုတိယပိုင်းအား မယ်ဆိုင်တွင် ပြုလုပ်။ ပြဿနာဖြစ်ပွားနေရာ နယ်စပ်နှစ်ဖက်မှတပ်ဖွဲ့များ ဆုတ်ခွာပေးရေးနှင့် နယ်စပ်ဂိတ်များ ပြန်ဖွင့်ထားရန်ကိစ္စများ ဆွေးနွေးခဲ့ကြောင်းသိရှိရ။ တရားဝင် အဆင့်မြင့်ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးမည်ဟု ချင်းရိုင်ဒေသတပ်မှူးက ပြောကြား။နယ်စပ်ဖြတ်သန်းမှုများ ဆက်လက်ပိတ်ထားဆဲ။

မြန်မာစစ်တပ်အရာရှိများ၊ ‘ဝ’ တပ်ဖွဲ့ခေါင်းဆောင်များနှင့် နီးစပ်မှုရှိသည့် မူးယစ်ဆေးဝါးမှုများနှင့် ပတ်သက်သည်ဟု သင်္ကာမကင်းဖြစ်ခံနေရသော ထိုင်းရွာလူကြီး ဆန်ဆနစ်ချိုင်းဆရီ မဲဆိုင်မြစ်ကမ်းဘေးတွင် စနိုက်ပါ (Sniper)လက်ဖြောင့် သေနတ်သမားတဦးက ချောင်းမြောင်းပစ်၍ သေဆုံး။

**၂၀၀၁ခုနှစ်၊ဖေဖေါ်ဝါရီလ (၂၈)ရက်၊ဗုဒ္ဓဟူးနေ့**

ထိုင်းအဖွဲ့အကြီးအကဲများမြန်မာနိုင်ငံနှင့်ပတ်သက်သည့် လုံခြုံရေးပေါ်လစီကို ပြန်လည်သုံးသပ်သည့် အစည်းအဝေး တခုပြုလုပ်ကြောင်း သတင်းရရှိ။

ထိုင်းစစ်တပ်သည် ပြဿနာကို ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန် ကြိုးစားခဲ့ကြောင်း၊ စစ်တပ်အင်အားကို လိုအပ်ပါက အသုံးပြုမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်ရက်သတ္တပါတ် နှစ်ပါတ်အတွင်း မြန်မာစစ်တပ်များ ထိုင်းပိုင်နက်အတွင်း အကြိမ်ကြိမ်ကျူးကျော်ခဲ့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီးပစ်စနုက ပြောဆို။

အာရှနှင့်ပစိဖိတ်ဆိုင်ရာ အမေရိကန် ဒုတိယလက်ထောက် အတွင်းရေးမှူး ရက်ဖ်ဘွိုက်စ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်မနေ့ကတွေ့ဆုံ၊ ဒု-ဗိုလ် ချုပ်ကြီးခင်ညွန့်၊နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်၊ NLD ဗဟိုကော်မတီဝင်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် မြန်မာပြည်တွင်တွေ့ဆုံခဲ့သော မစ္စတာရက်ဖ်တွေ့ဆုံအပြီး ထိုင်းနိုင်ငံခြားရေး ဝန်ကြီးက အောက်ပါအတိုင်းပြောကြားခဲ့။

“နအဖစစ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုဟာ ထိုင်း-မြန်မာဆက်ဆံရေး တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းရေးအတွက် အရေးကြီးတဲ့ ပတ်သက်ဆက်စပ်မှုတခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေ ချောမွေ့ပြေပြစ်ဖို့ သင့်လျော်ပြီး လိုအပ်သည့်ကိစ္စတိုင်းကို ထိုင်းနိုင်ငံအနေနဲ့ ကူညီဆောင်ရွက်ပေးဖို့ အသင့်ဖြစ်နေပါတယ်”

❖❖❖❖

**ဘန်ကောက်ပို့စ်
သတင်းစာများမှ
ပြည်လည်ကိုးကား
တင်ပြပါသည်**

# လူထုဆန္ဒ လူထုအသံ ၊ ရွေးကောက်ပွဲသစ် လက်မခံ

## နယ် စပ် ဒိုင် ယာ ရီ

**မိုးကြိုး သတင်းသမားတဦး တင်ပြသည်**

**၂၀၀၁ ခုနှစ်၊ဖေဖော်ဝါရီလ (၁၂)ရက်၊တနင်္လာနေ့ (၅၄)နှစ်မြောက် ပြည်ထောင်စုနေ့**

မြန်မာစစ်တပ်နှင့် SSA ရှမ်းပြည်တပ်မတော်တို့ တာချီလိတ်မြို့တွင် တိုက်ပွဲဖြစ်၊ တိုက်ပွဲမှာ အလွန်ပြင်းထန်သည်ဟုဆို၊ ရှမ်းလက်နက်ကိုင်တပ်ဖွဲ့များနောက် လိုက်လံတိုက်ခိုက်ရင်း မြန်မာစစ်တပ်နှင့်ထိုင်းစစ်တပ်တို့ အပြန်အလှန်ပစ်ခတ်ကြ၊ တာချီလိတ် တဖက်ကမ်းမယ်ဆိုင်မြို့ထဲသို့ မြန်မာစစ်တပ်မှပုံးများ၊ မော်တာ အမြောက်ကျည်များဖြင့်ပစ်၊ ထိုင်းတပ်သား (၇) ယောက်နှင့် အရပ်သား (၈)ယောက် ဒဏ်ရာရ၊အခြား(၂)ဦး သေဆုံး။ နယ်စပ်ကုန်သွယ်ရေးများပိတ်ပင်။ သတင်းများအရ ပြီးခဲ့သည့်ကြာသာပတေးနေ့တွင် ထိုင်းတပ်ဖွဲ့ဝင် (၁၉)ယောက် တပ်စွဲထားသော မယ့်ဖာလွန်ဒေသရှိ တောင်ကုန်းအမှတ်(၉၆၂၁)ကို မြန်မာတပ်သားများ ဝင်ရောက်သိမ်းပိုက်ထား။မယ့်အိုင်ဒေသတွင်လည်း ထိုင်းထောက်ပံ့ရေးရဟတ်ယာဉ်ကို မြန်မာတပ်များက ပစ်ခတ်တိုက်ခိုက်ခဲ့။ ထိုင်းတပ်ဟာ(၃)မှူး ဒုတိယဗိုလ်ချုပ်ကြီး ဝပ်တနာချိုင်းက "မြန်မာတပ်ဖွဲ့ရဲ့ လှုပ်ရှားမှုတွေဟာ နယ်စပ်သဘောတူညီချက်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာပဲ၊အသက်တွေ ဆုံးရှုံးနိုင်ပေမယ့် ကျနော်တို့ဟာ အင်အားသုံးရလိမ့်မယ်" ဟုပြော၊ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှလည်း ပြဿနာကို ငြိမ်းချမ်းသော နည်းဖြင့်ဖြေရှင်းရန် မြန်မာအစိုးရအား တိုက်တွန်း။



သုံ့ပန်းတဦးကိုဖမ်းဆီးနေသော ရှမ်းပြည်တပ်မတော် (SSA)

**၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁၃) ရက်၊အင်္ဂါနေ့**

ထိုင်း–မြန်မာနယ်စပ် အခြေအနေ တင်းမာလျက်ရှိနေ၊ထိုင်းစစ်တပ်မှတနင်္ဂနွေနေ့တွင် တောင်ကုန်းအမှတ်(၉၆၂၁)ကို အမြောက်ကြီးများ ဖြင့်ပြန်လည်ပစ်ခတ်သိမ်းယူလိုက်ပြီဟုကြေညာ။မနေ့က မဲဆိုင်မြို့ အတွင်း မြန်မာစစ်တပ်များ၏ ပစ်ခတ်မှုသည် ၎င်းကိုစွအပေါ် ပြန်တုန့်ပြန်မှုဖြစ်နိုင်။ မြန်မာစစ်အစိုးရသည် UWSA 'ဝ' လက်နက်ကိုင်အဖွဲ့များအား ထိုင်းနိုင်ငံနှင့် စစ်ပွဲဖြစ်ပွားအောင် ဖန်တီးဆောင်ရွက်နေသည်။ နယ်စပ်တလျှောက်ရှိ မြန်မာစစ်အရာရှိများသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ချိသူများကို ထောက်ပံ့ကူညီနေကြသည်။ UWSA နှင့် မူးယစ်ဆေး ကုန်သည်တို့၏ ငွေမည်းများဖြင့် ပြုလုပ်နေသော မူးယစ်ဆေးဝါး ကုန်သွယ်မှုများမှ အကျိုးအမြတ်များ စစ်ဗိုလ်များ ရရှိနေကြသည်ဟု ထိုင်းတပ်မဟာ (၃) တပ်မှူးဒု–ဗိုလ်ချုပ်ကြီး ဝပ်တနာချိုင်းက ပြောဆို။ မကြာသေးမီက ရွေးကောက်ခံထားရသည့် ထိုင်းဝန်ကြီးချုပ် ထ(ခ်)ဆင်ရှိနာဝါထရာက မြန်မာပြည်ကို မကြာခင်သွားမည်ဟုပြော။

**၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ(၁၄)ရက်၊ ဗုဒ္ဓဟူးနေ့**

သက်သေခံများအရ ရှမ်းတပ်မတော်စခန်း ဒွိုင်ကောမိုင်ကိုသိမ်းပိုက်ရန်အတွက် မြန်မာတပ်များကိုတိုးချဲ့၊ကျိုင်းတုံမှ တပ်သား (၅၀၀)၊ ရန်ကုန်မှ တပ်သား(၂၀၀၀) တာချီလိတ်သို့ ရောက်လာကြောင်း၊ (၆၀)မမ၊(၈၁)မမ၊(၁၂၀)မမ မော်တာ အမြောက်များ ပါလာကြကြောင်းသိရ။ ထိုင်း အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ကချဒ်ဒိုင်က နယ်စပ်စစ်ဆင်ရေးဂိတ်များ ပိတ်ထားခြင်းအား အခြေအနေ ပြန်လည်အေးဆေးသွားသောအခါ ပြန်ဖွင့်မည်ဟုပြောဆို။ သတင်းများအရ တနင်္လာနေ့တွင် နအဖ မဟာဗျူဟာလေ့လာရေးရုံးမှ ဗိုလ်မှူးကြီး ကျော်သိန်းက ထိုင်းနိုင်ငံအနေဖြင့် ရှမ်းလက်နက်ကိုင်အဖွဲ့များအား အကူအညီပေးနေကြောင်း၊ ထိုင်းစစ်တပ်တတပ်မှ အမြောက်ကြီးများဖြင့် ပစ်ခတ်၍ကူညီခဲ့ကြောင်း ပြောဆိုခဲ့။ မြန်မာ့အလင်းသတင်းစာတွင်လည်း ထိုကဲ့သို့တခုတည်းကူညီခဲ့ခြင်းသာမက တာချီလိတ်မြို့ထဲသို့ လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့သည်ဟုရေးသား။ ထိုနေ့တွင်ပင် နှစ်နိုင်ငံသံအမတ်ကြီးများထံ ကန့်ကွက်လွှာများအပြန်အလှန် ပေးအပ်ခဲ့၊ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ စွပ်စွဲချက်များအားငြင်းဆို။ အဝေးရောက်မြန်မာအစိုးရ NCGUB မှ စစ်အုပ်စု၏ဖေဖော်ဝါရီ (၁၂)ရက်နေ့တိုက်ခိုက်မှုများအားရှုတ်ချ။ "ယခု အချိန်အခါသမယ၌ ရှမ်းပြည်ကို တိုက်ခိုက်ရန် ဗိုလ်ချုပ်ကြီးများ၏ ရွေးချယ်မှုသည်

— — — — — — —

စာမျက်နှာ(၁၁) ကော်လံ(၁)သို့

## ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင်အဖွဲ့အစည်းများ၏သဘောထား

ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများသည် ပြည်တွင်းတိုက်ခိုက်မှုများရပ်စဲပြီး နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် စစ်မှန်သောပြည်ထောင်စုကြီး ပေါ်ထွန်းရေးတို့အတွက် ငြိမ်းချမ်းရေးရယူလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုတိုင်ခဲ့ပြီဖြစ်သည်။ ဤ ကာလများအတွင်း၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်တွင်းတိုက်ခိုက်မှုများရပ်စဲပြီး သိသာထူးခြားသည့် ငြိမ်းချမ်းတည်ငြိမ်မှုများ ရရှိခဲ့ပါသည်။ သို့သော်ယနေ့ထိတိုင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ငြိမ်းချမ်းရေးရယူထားသော လူမျိုးစုအဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းမရှိသေးပေ။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကဏ္ဍတွင် တိုးတက်မှုနှောင့်နှေးကြံ့ကြာလျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ အရေးကြီးပုဂ္ဂိုလ်များ တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်နေကြသည်မှာ အမျိုးသားစည်းလုံးညီညွတ်မှုပေါ်ထွန်းရေးအတွက် လမ်းစတရပ်ဖြစ်နိုင်သောကြောင့် မိမိတို့မှ ကြိုဆိုအပ်ပါသည်။ ဆက်လက်၍ ပိုမိုတိုးတက်ကောင်းမွန်သောရလဒ်များ အကောင်အထည်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ ငြိမ်းချမ်းရေးရယူထားသော မိမိတို့လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်မှန်သော ပြည်ထောင်စုပေါ်ထွန်းရေးနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးတို့အတွက် ပိုမိုပြည့်စုံသော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာ၌ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

၁။ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ (SSPC)
(က)ရှမ်းပြည်တပ်မတော် (SSA)
(ခ) ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)
၂။ မွန်ပြည်သစ်ပါတီ (NMSP)
၃။ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)
၄။ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)
၅။ ကယန်းပြည်သစ်ပါတီ (KNLP)
၆။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO)

ရက်စွဲ။၂၀၀၁ခုနှစ်၊ မတ်လ (၁)ရက်

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ကွန်ဖရင့်ပြီးဆုံး လာမည့် မေလ(၁)ရက်နေ့ မြန်မာပြည်အရေးလှုပ်ရှားမှုများ စတင်မည်

မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားခိုင်းစေမှုများကို ပြုလုပ်နေသည့် နအဖစစ်အုပ်စုအား ဒဏ်ခတ်အရေးယူရေးအတွက် ILO ခေါ် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ကြီး၏ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်နိုင်ရန် လာမည့်မေလ (၁) ရက်နေ့အား အလုပ်သမားသမဂ္ဂများ၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာလှုပ်ရှားမှုနေ့အဖြစ် သတ်မှတ်လိုက်ကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ICFTU ကွန်ဖရင့်က ကြေညာချက် ထုတ်ပြန်လိုက်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၂၈) ရက်နေ့မှမေလ(၁)ရက်နေ့အထိ ဂျပန်နိုင်ငံတိုကျိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သော (ICFTU)ကွန်ဖရင့်၏ တိုကျိုကြေညာချက်ထဲတွင်မြန်မာပြည်အရေးလှုပ်ရှားမှု အစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့ရာ အစိုးရများကို စည်းရုံးလှုံ့ဆော်မှု၊ မြန်မာပြည်နှင့်ဆက်ဆံနေသော ကုမ္ပဏီများအားဖိအားပေးမှု၊ မြန်မာပြည် အခြေအနေအား ကမ္ဘာ့လူထုပိုမို သတိပြုလာရေး၊မြန်မာသံရုံးများအား ကန့်ကွက်ဆန္ဒပြရေး စသည့်လှုပ်ရှားမှုအစီအစဉ်များအား အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပါရှိသည်။

ICFTU ထွေထွေအတွင်းရေးမှူး Bill Jordan က "ILO ၏ မြန်မာပြည်ဆိုင်ရာဆုံးဖြတ်ချက်တွေကို ဘယ်လောက်အထိ အကောင်အထည်ဖော်နိုင်သလဲဆိုတာ ဆန်းစစ်ဖို့ဒီကွန်ဖရင့်ကို ကျင်းပတာပါ။ ILO ရဲ့ဆုံးဖြတ်ချက်ကျပြီးကတည်းက မြန်မာပြည်ကို အုပ်ချုပ်နေသူတွေထံကနေ တုန့်ပြန်မှု မရခဲ့ပါဘူး။ကျနော်တို့တတွေမှာ စစ်တပ်က အဓမ္မလုပ်အားခိုင်းစေမှုနဲ့ပတ်သက်ပြီး ခိုင်လုံတဲ့အထောက်အထားတွေ ရထားတယ်။ILO ရဲ့ဆုံးဖြတ်ချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

ICFTU သည် နိုင်ငံပေါင်း(၁၄၈) နိုင်ငံမှအလုပ်သမားသမဂ္ဂပေါင်း(၂၂၁) ခုပါဝင်ပြီး အလုပ်သမားပေါင်း (၁၅၆) သန်းအားကိုယ်စားပြုသည့် အင်အားကြီးမားလှသော အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ကြီးဖြစ်သည်။ "စစ်အစိုးရဟာ မြန်မာပြည်ထဲမှာ စီးပွားရေးအခြေ

— — — — — — —

စာမျက်နှာ(၆) ကော်လံ(၅)သို့



ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ဖူးတာအဲယ် အမှာစကားပြောကြားနေစဉ်နှင့် အခမ်းအနားသို့ တက်ရောက်အားပေးကြသူများ

## ကျေးဇူးအထူးတင်ရှိပါသည်

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ Burma Independent News Agency တည်ထောင်ခြင်း(၂)နှစ်ပြည့် အခမ်းအနားအား ၂၀၀၁ ခုနှစ်၊ဖေဖော်ဝါရီလ(၅)ရက်နေ့က ကျင်းပခဲ့ရာတွင် တက်ရောက်အမှာစကားပြောကြားပေးခဲ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ဥက္ကဋ္ဌနှင့်ကရင်အမျိုးသားအစည်းအရုံးဒု–ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးစောဘိုမြ၊ ကရင်အမျိုးသားအစည်းအရုံး၊ဒူးပလာယာခရိုင်ဥက္ကဋ္ဌဖူးတာအဲယ်၊ မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ၏နာယကနှင့်ကရင်အမျိုးသားအစည်းအရုံး၊ ဘားအံခရိုင်ဥက္ကဋ္ဌ ပဒိုစောအားတိုး၊လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်တို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ထို့အပြင် အဆိုပါအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြသည့် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးအတွက်တိုက်ပွဲဝင်နေကြသော အဖွဲ့အစည်းပေါင်းစုံမှ ခေါင်း ဆောင်များ၊ရဲဘော်ရဲဘက်များ၊မိုးကြိုးသတင်းစာ ဖြန့်ချိပေးကြသူများ၊ဖတ်ရှုကြသည့် ပြည်တွင်း၊ပြည်ပမှလူမျိုးစုံပြည်သူလူထုများ၊ပါဝင်ရေးသားကြသူများအားလုံးကိုကျေးဇူးအထူး တင်ရှိပါသည်။

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီအဖွဲ့သားများ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဥ် အမှတ် (၁၈)



## ငြိမ်းချမ်းရေး ဒီမိုကရေစီရေး လူ့အခွင့်အရေး အမျိုးသားသွေးစည်းညီညွတ်ရေး စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးနှင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်



ကျမတို့ ပြောထားပြီးပြီ။ ဆွေးနွေးပွဲရဲ့ရည်ရွယ်ချက်ဟာ ဘာလဲ။ ဆွေးနွေးပွဲဟာ ကျမတို့နိုင်ငံနဲ့ကျမတို့နိုင်ငံသူ|နိုင်ငံသားတွေအတွက် ဖြစ်ရမယ်။ ဒီဟာကို ဦးတည်ပြီးတော့ ဆွေးနွေးပွဲလုပ်မယ်ဆိုရင် ဟိုဟာ ဖျက်ပေးပါ။ဒီဟာဖျက်ပေးပါ။ဟိုဟာ သိမ်းပေးပါ။ဒီဟာသိမ်းပေးပါ။ဘာမှ ပြောဖို့ မလိုဘူး။ ကျမတို့အနေနဲ့ ဒီ ဆွေးနွေးပွဲဖြစ်ဖို့ ဘယ်အဖွဲ့အစည်း ဖျက်ပေးပါ။ ဘယ်အရာရှိ ထွက်ပေးပါလို့ ကျမတို့ တခါမှမပြောခဲ့ဘူး။ကျမတို့ပြောတာ တခုပဲရှိတယ်။ဆွေးနွေးပွဲဟာ စစ်မှန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲဖြစ်ရမယ်။တဦးနဲ့တဦး လေးစားမှုရှိရမယ်။ယုံကြည်မှု ရှိရမယ်။ နိုင်ငံအကျိုးအတွက်ဦးတည်တဲ့ ဆွေးနွေးပွဲဖြစ်ရမယ်။အဲဒါပဲ။ ကျမတို့ ဆွေးနွေးပွဲနဲ့ပတ်သက်လို့ ဒါပဲပြောထားတယ်။ ဒီအတိုင်းပဲသွားမယ်။ အခြား အပိုတွေ ဘာမှမပါဘူး။

**မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်**
**(၁-၁၀-၉၉)**



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ်　　အမှတ် (၁၈)

## ပြည်တွင်းငြိမ်းချမ်းရေး ဒီမိုကရေစီရေး လူ့အခွင့်အရေး အမျိုးသားသွေးစည်းညီညွတ်ရေး စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးနှင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်

တွေ့ဆုံဆွေးနွေးရေးဆိုရာ၌လည်း အထက်အောက် ဆက်ဆံရေးသဘော အဖွဲ့ချုပ်မှမည်သူတွေသာ ပါရမည်၊ မည်သူမပါရဟူ၍ အမိန့်ပေးသည့်သဘောမျိုး မဖြစ်သင့်ပေ။တွေ့ဆုံဆွေးနွေးရန်အတွက် မိမိတို့၏ ကိုယ်စားလှယ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွတ်လပ်စွာရွေးချယ်ခွင့်ရှိရပေမည်။ အရေးကြီးသည့်အချက်မှာ နှစ်ဦးနှစ်ဖက်သည် တိုင်းရင်းသားပြည်သူတို့၏အကျိုးကိုရှေ့ရှုပြီး အပြုသဘောဆောင်သော၊ မျှတသော၊ လက်ရှိ ပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့ကို ဖြေရှင်းလိုသော စိတ်ကောင်း စေတနာမှန်များ ပါရှိကြရန် အလွန်အရေးကြီးပေသည်။ ယနေ့အချိန်၌ နိုင်ငံတကာ နယ်ပယ်တွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသော သမိုင်းသဓ်နိးစားများကိုလည်းယူပြီး စေတနာမှန်ဖြင့်သာ ဖြေရှင်းကြမည်ဆိုပါကဖြေရှင်း၍မရနိုင်သောပြဿနာသည် မရှိနိုင်။ မရှိသင့်ပေ။ ဤသည်ကို တိုင်းရင်းသားပါတီများနှင့် အခြားဒီမိုကရေစီအင်အားစုများကလည်း တိုက်တွန်းတောင်းဆိုနေကြသလို၊ ပြည်သူအများကလည်း လူမှုဒုက္ခအဝဝကို ခါးစည်းခံရင်း တွေ့ဆုံဆွေးနွေးရေးမှတဆင့်ပေါ်ထွန်းလာမည့် ဒီမိုကရေစီခေတ်သစ်ကို မျှော်လင့်တောင့်တလျက်ရှိကြပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကလည်း ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပါဝင်သော (သုံးပွင့်ဆိုင်) တွေ့ဆုံဆွေးနွေးရေးကိုသာ ထပ်ကာထပ်ကာတိုက်တွန်းလျက်ရှိကြပေသည်။

ဤသို့အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပဏာမ တွေ့ဆုံဆွေးနွေးရေးမှသည် သုံးပွင့်ဆိုင်ဆွေးနွေးရေးသို့ တဆင့်တက်ပြီး ဒီမိုကရေစီထွန်းကားသော ခေတ်သစ်ဆီသို့ လျှောက်လှမ်းကြပါရန် ဤနေရာမှ ထပ်လောင်းတိုက်တွန်းလိုက်ရပေသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်အမှတ်**
**၃၃(၅-၉၉)**



မဲဆန္ဒရှင် ပြည်သူလူထုအပေါင်းတို့သည်လည်း မိမိတို့၏ မူလမျှော်မှန်းချက်ဖြစ်သော ပါတီစုံဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်ရေးတွင် မိမိတို့ကိုယ်တိုင် တာဝန်ရှိကြပေသည်။ ရဟန်း၊ ရှင်လူ၊ကျောင်းသား၊ပြည်သူတို့၏ အသက်ထောင်ပေါင်းများစွာ စတေးခဲ့ရပြီးမှ ပေါ်ပေါက်လာသည့် ၁၉၉၀ပြည့်နှစ်က ကျင်းပပေးခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ရလာဒ်ကို မျက်ဝါးထင်ထင်ဖိပြီပြင်ပြင် အကောင်အထည်ဖော်မပေးမချင်း၊ နောက် ရွေးကောက်ပွဲဆိုသည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝဥဿုံ လက်ခံမည်မဟုတ်ကြောင်း သံဓိဋ္ဌာန်ချထားသည်ကို မြန်မာသိ၊ကမ္ဘာသိ ကြေညာလိုက်သည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ဆယ်နှစ်မြောက်ကြေညာချက်**
**ကြေညာချက်အမှတ် ၁၄(၅-၀၀)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့်မူ နိုင်ငံရေးပြဿနာများကို စစ်အာဏာရှင်တို့က မည်မျှပင်ဟန့်တားပိတ်ဆို့ဖျက်ဆီးနေသော်လည်း နိုင်ငံရေးနည်းဖြင့်သာ တက်တက်ကြွကြွ လုံ့လဝီရိယစိုက်ထုတ်၍ ဆက်လက်ဆောင်ရွက်သွားမည်ကို သံန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ ဤသည်မှာ မိမိတိုင်းပြည်တွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများရရှိရန် အဖွဲ့ချုပ်စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တစိုက်မတ်မတ်ချမှတ်ထားသော လမ်းစဉ်ဖြစ်ပေသည်။ တကြိမ်တခါမျှ ပြောင်းလဲခြင်းရှိ၊ပြောင်းလဲရန် စိတ်ကူးမျှပင် မရှိချေ။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏**
**ကြေညာချက်အမှတ် ၆၆(၁၂-၉၉)**

---

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အောင်မြင်စွာတည်ဆောက်လိုပါလျှင် နိုင်ငံရေးအရသာ တည်ဆောက်ရမည်ဖြစ်ပေသည်။ လက်နက်ကိုင်အုပ်စုများနှင့် အခြေအနေအရ အပစ်အခတ်ရပ်စဲထားရုံမျှဖြင့် လည်းကောင်း၊ အကျိုးစီပွားချင်းတူညီသဖြင့် တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ ယာယီနားလည်မှုရယူထားနိုင်ခြင်းဖြင့် လည်းကောင်း၊ စစ်မှန်၍ အဓွန့်ရှည်ကြာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်၍မရနိုင်သည်ကို သိရှိလက်ခံနိုင်ရပေမည်။ စစ်မှန်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ရန်မှာ နိုင်ငံရေးပြဿနာ စစ်စစ်သာဖြစ်သည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏**
**ကြေညာချက်အမှတ် ၆၃(၁၁-၉၉)**

---

အာဏာရှင်စနစ်၏ဆိုးကျိုးသည် ပြည်သူပြည်သားများနှင့်အတူ တပ်မတော်သားတွေပါ ခံရ၏။ နိုင်ငံအတွက်လည်း ထိခိုက်နစ်နာ ဆုံးရှုံး၏။ ကမ္ဘာ့အလယ်တွင် အရှက်ရ၏။ အာဏာရှင်စနစ်ကိုဖျက်သိမ်းပြီး ပြည်သူ့ဆန္ဒနှင့်အညီ စစ်မှန်သောဒီမိုကရေစီစနစ်သာပေါ်ထွန်းလာလျှင် ယခုလို အခြေအနေဆိုးတွေချုပ်ငြိမ်းပြီး တိုင်းသူပြည်သားများ ငြိမ်းချမ်းစွာနေရမည်ဖြစ်သည်။ နိုင်ငံလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ တိုင်းသူပြည်သားဆိုသည့်အထဲတွင် တပ်မတော်သားများလည်း ပါသည်။ တပ်မတော်သားများ၏ မိဘ၊ဆွေမျိုး၊ ညီအကိုမောင်နှမတွေလည်းပါ၏။ ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာနိုင်ဖို့အတွက် ယခုအချိန်တွင် အမှန်တကယ်လုပ်ဆောင်ရမည်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (စစ်အစိုးရ)အား ဖျက်သိမ်း၍ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးလိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့အစိုးရတရပ် တည်ရှိနေဖို့ပင်ဖြစ်သည်။

**အကျဉ်းကျခံ အမျိုးသားနိုင်ငံရေးအင်အားစု(၁၉-၅-၉၉)**

---

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပြောင်းထားသည်)နှင့် တွေ့ဆုံဆွေနွေးရန်ကိစ္စကို ၁၉၈၈ခုနှစ်မှစ၍ယနေ့တိုင် စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်ဆောင်ရွက်နေခဲ့သည်။ တိုင်းပြည်နှင့် တိုင်းသူပြည်သားများ၏ အကျိုးဖြစ်ထွန်းနိုင်မည့် ကိစ္စရပ်များအားလုံးကို တွေ့ဆုံဆွေနွေးခြင်းဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စွဲမြဲစွာ ယုံကြည်သည်။

တွေ့ဆုံဆွေနွေးရေးကိစ္စ ကို ၁၉၈၈ခုနှစ်မှစ၍ ယနေ့တိုင် သွေဖည်ခြင်း၊ ဟန့်တားခြင်း၊ ဆန့်ကျင်ခြင်း၊ ပိတ်ပင်ခြင်း လုံးဝမရှိခဲ့ပေ။ စစ်မှန်သော နိုင်ငံရေးဆွေးနွေးပွဲများ၏ လက္ခဏာရပ်များမှာ အပြန်အလှန်လေးစားမှု၊ ပွင့်လင်းရိုးသားမှု၊ တိုင်းပြည်နှင့်ပြည်သူတို့၏အကျိုးကို ရှေ့ရှုခြင်းတို့ဖြစ်ပေသည်။ ဤသို့သော ဆွေးနွေးပွဲများဖြစ်ပေါ်လာစေရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မည်သည့်ကြိုတင်ကန့်သတ်ချက်များကိုမှ သတ်မှတ်ထားခြင်း မပြုလုပ်ခဲ့ပါ။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏**
**ကြေညာချက်အမှတ် ၃၄(၅-၉၉)**



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၁၈)



## ပြည်တွင်းငြိမ်းချမ်းရေး ဒီမိုကရေစီရေး လူ့အခွင့်အရေး အမျိုးသားသွေးစည်းညီညွတ်ရေး

## စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးနှင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်



ကျမတို့လုပ်နေတဲ့ နိုင်ငံရေး ဆိုတာ အမျိုးသားနိုင်ငံရေးပါ။ အမျိုးသားနိုင်ငံရေးဆိုတာ ဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားများ အားလုံးနဲ့ သက်ဆိုင်တဲ့ နိုင်ငံရေးဖြစ်ပါတယ်။ ဒါကြောင့် ကျမတို့အားလုံး လက်တွဲ ပြီးတော့ ကျမတို့နိုင်ငံသာယာဝပြော ရေး၊အေးချမ်းရေးအတွက်လုပ်ဖို့ လို ပါတယ်။ အားလုံးအတူတူလုပ်ကြပါ စို့လို့ ကျမမေတ္တာရပ်ခံချင်ပါတယ်။

**မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်**
**(၁၅-၅-၉၉)**

---

**အဲဒီတုန်းကကြေညာချက်ထဲမှာ ဒီ(၁၀)ဦးကော်မတီဟာ လွှတ်တော်ပေါ်လာတဲ့အထိရပ်တည်မယ်လို့ ကျမတို့ပြောခဲ့ပါတယ်။ အဲဒီတော့ ကျမတို့(၁၀)ဦးကော်မတီကို ဖျက်သိမ်းချင်လို့ရှိရင် အလွယ်ကလေးပါ။ လွှတ်တော်ခေါ်လိုက်ပါ။ ရပါတယ်။ လွှတ်တော်ခေါ်လိုက်ပြီဆိုလို့ရှိရင် ဒီ(၁၀)ဦးကော်မတီဟာ ဘယ်သူမှဖျက်သိမ်းဖို့မလိုပါဘူး။ ကျမတို့ဟာကျမတို့ ဖျက်သိမ်းမှာဖြစ်ပါတယ်။ ဒီတော့ တွေ့ဆုံဆွေးနွေးရေးလုပ်တာနဲ့ (၁၀)ဦးကော်မတီ ဖျက်သိမ်းရမလားဆိုတော့ တွေ့ဆုံဆွေးနွေးဆိုတာ အစသာဖြစ်ပါတယ်။တွေ့ဆုံဆွေးနွေးရေးတွေ ဘယ်ရောက်မလဲဆိုတာမသိဘဲနဲ့ ကျမတို့ဟာ ဒီလိုဖျက်သိမ်းဖို့ဆိုတာလည်း မစဉ်းစားပါဘူး။ တွေ့ဆုံဆွေးနွေးရေးဟာ လွှတ်တော်ခေါ်ယူရေးအတွက်ဆိုရင်တော့ (၁၀)ဦးကော်မတီရဲ့တာဝန် ကျေသွားပြီပေါ့။ တာဝန်မရှိတဲ့အခါကျတော့လည်း ကျမတို့ မရှိတဲ့တာဝန်ကို ဆက်ပြီးတော့ ထမ်းဆောင်နေမှာမဟုတ်ပါဘူး။ ဒီတော့ တွေ့ဆုံဆွေးနွေးရေးဟာ လွှတ်တော်ပေါ်ပေါက်ရေးနဲ့ ဆက်စပ်နေတယ်။ ဒါအတွက် တွေ့ဆုံဆွေးနွေးရေးဟာ လွှတ်တော်ပေါ်ပေါက်ဖို့ လုပ်ပြီဆိုလို့ရှိရင်တော့ ကျမတို့(၁၀)ဦးကော်မတီလည်း တာဝန်ကုန်သွားပါပြီလို့ ကျမတို့ ပြောနိုင်ပါတယ်။**

**မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်**
**(၁၅-၅-၉၉)**

---

စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင် စုအတွင်းမှာသာ ဗမာတွေ အပါအဝင် တိုင်းရင်းသားတွေအားလုံးရဲ့ တန်းတူ ညီတူ အခွင့်အရေးတွေကို အာမခံနိုင်မှာပါ။တိုင်းရင်းသားလူမျိုးစုများအရေး၊ပြည်ထောင်စုအရေးနဲ့ ဒီမိုကရေစီအရေးတွေကို ခွဲခြားလို့ မရဘူးဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသား နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်နေတာဖြစ်ပါတယ်။ ပြည်သူရဲ့ စစ်မှန် တဲ့ဆန္ဒအရ တင်မြှောက်ထားတဲ့ ဒီမိုကရေစီလွှတ်တော်တရပ်ရှိမှသာ တိုင်း ရင်းသားပြည်သူတွေရဲ့ စစ်မှန်တဲ့ ဆန္ဒတွေကို ဖော်ထုတ်ပေးနိုင်မှာ၊အကောင်အထည်ဖော်ပေးနိုင်မှာပါ။ ဒါကြောင့် ပြည်သူ့လွှတ်တော် ခေါ်ယူ ရေးဟာ တိုင်းရင်းသားအရေး၊ အမျိုး သားအရေး၊ ဒီမိုကရေစီပြည်ထောင် စုအရေး ဖြစ်ပါတယ်။

**မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်**
**(၁၅-၅-၉၉)**



၁၉၈၉ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ် စည်းရုံးရေးခရီးစဉ်မှ လှိုက်လှဲနွေးထွေးသော ကြိုဆိုမှု



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ်　　အမှတ် (၁၈)

## ပြည်တွင်းငြိမ်းချမ်းရေး ဒီမိုကရေစီရေး လူ့အခွင့်အရေး အမျိုးသားသွေးစည်းညီညွတ်ရေး စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးနှင့် ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲရလဒ်

## သူးမွဲကလိုး　သဘောတူညီချက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် တိုင်းပြည်ဖြစ်သည်။ ခေတ်သစ်မြန်မာ့သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များညှိနှိုင်း၍ တည်ဆောက်ထားသော အမျိုးသားသွေးစည်းညီညွတ်မှုအင်အားဖြင့် မြန်မာပြည်လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း ဗိုလ်ချုပ်ကျဆုံးမှုနှင့်အတူ အမျိုးသားသွေးစည်းညီညွတ်ရေးသည် လွင့်ပါးပျောက်ကွယ်ခဲ့ရသည်။

စစ်အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာ အဖိနှိပ်ခံခဲ့ရခြင်း၏ အကျိုးဆက်အဖြစ် အမျိုးသားသွေးစည်းညီညွတ်မှုပြိုကွဲလျှက် တိုင်းပြည်ကြေပြုန်းပျက်သုဉ်းမည့် ဘေးအန္တရာယ်ကြီးကို ရင်ဆိုင်နေရသည့်အချိန်အခါဖြစ်ပေသည်။ တိုင်းရင်းသားပေါင်းစုံပြည်သူတို့၏ လက်ငင်းလိုအပ်ချက်ဖြစ်သော စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ခေတ်မီတိုးတက်၍ သာယာဝပြောသော ထာဝစဉ်ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်းတည်ဆောက်ရေးတို့ကို အမျိုးသားသွေးစည်းညီညွတ်မှုအင်အားဖြင့်သာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပေသည်။ သို့ပါ၍ အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းသည် ယနေ့ကာလ တိုင်းရင်းသားပေါင်းစုံပြည်သူတို့အတွက် အဓိကကျသော လုပ်ငန်းစဉ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားကိုယ်စားပြုပါတီများနှင့် ပူးတွဲလျှက် ယင်းတာဝန်များကို တက်ကြွစွာထမ်းဆောင်နေသည့် နည်းတူအောက်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း(၂၃)ဖွဲ့သည်လည်း ၁၉၉၇ခုနှစ်ဒီဇင်ဘာလ(၁၂)ရက်နေ့မှ (၁၄)ရက်နေ့အထိ(၃)ရက်တိုင်တိုင် ကော်သူးလေပြည်နယ် သူးမွဲကလိုးတွင် အမျိုးသားသွေးစည်းညီညွတ်ရေး နှီးနှောဖလှယ်ပွဲကြီးကို အောင်မြင်စွာကျင်းပ၍ အောက်ဖော်ပြပါအချက်အလက်များကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကြပါသည်။ ၎င်းသဘောတူညီဆုံးဖြတ်ချက်များမှာ –

(၁) ၁၉၄၇ခုနှစ်တွင်ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်နှင့် ယင်းစာချုပ်ဆိုင်ရာကတိကဝတ်များ၊ ၁၉၉၉ခုနှစ်တွင်ထုတ်ပြန်သည့် ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေညာချက်၊ ၁၉၉၂ခုနှစ်တွင်ချုပ်ဆိုသည့် မာနယ်ပလောစာချုပ်၊ ၁၉၉၇ခုနှစ်တွင်ပြုလုပ်သည့် မယ်သရောထသဘောတူညီချက်များသည် တိုင်းရင်းသားလူမျိုးများ၊ ပြည်သူများ၏ အခြေခံအကျိုးစီးပွားကိုကိုယ်စားပြုသည့် သမိုင်းဝင် သဘောတူညီချက်များဖြစ်သည်ဟု မှတ်ယူသည်။

(၂) မြန်မာပြည်၏ လက်ရှိ ပဋိပက္ခသည် ဖိနှိပ်အုပ်စိုးသူ စစ်အာဏာရှင်အုပ်စုကတဖက်၊အဖိနှိပ်ခံ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးက တဖက်၊ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်ပြီး၊ယင်းပဋိပက္ခကြီးသည် တနေ့တခြား ပိုမိုပြင်းထန်လာနေသည့်အတွက် အဆုံးအဖြတ်ကာလတခုသို့ပင် ရောက်ရှိနေသည်ဟု တညီတညွတ်တည်း သုံးသပ်ကြသည်။

(၃) နဝတ/နအဖစစ်အာဏာရှင်ကြီးစိုးမှုကြောင့် ယနေ့မြန်မာပြည်တွင် ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့် အမျိုးသားအခွင့်အရေး ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်နေရသည်။ ထို့ကြောင့် စစ်အာဏာရှင်ကြီးစိုးမှုကို ဖျက်သိမ်းပစ်ရန်မှာ တိုင်းပြည်၏ အဓိကဘုံလုပ်ငန်းတာဝန်ဖြစ်သည်ဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

(၄) နဝတ/နအဖစစ်အာဏာရှင်ကြီးစိုးမှုတိုက်ဖျက်ရေးတွင် လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ လက်ဝဲလက်ယာ မခွဲခြားဘဲ ပါတီ၊အဖွဲ့အစည်းများ အားလုံး၊လူပုဂ္ဂိုလ်များအားလုံး အနိမ့်ဆုံးဖြစ်နိုင်သည့်အဆင့်မှစတင်၍ လက်တွဲဆောင်ရွက်သွားကြရန် သဘောတူ ဆုံးဖြတ်သည်။

(၅) နဝတ/နအဖသည် အမျိုးသားညီလာခံကို ဦးစီးကျင်းပခွင့်မရှိပေ။ လက်ရှိပြုလုပ်နေသည့် အမျိုးသားညီလာခံသည် အတုအယောင်အမျိုးသားညီလာခံဖြစ်၍ လုံးဝတရားမဝင်ချေ။ထို့ကြောင့် ၎င်းအမျိုးသား ညီလာခံအား လုံးဝ အသိအမှတ်မပြုကြောင်း တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်သည်။

(၆) တိုင်းရင်းသားလူမျိုး ပေါင်းစုံပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

(၇) အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး အပြည့်အဝရှိပြီး အမျိုးသားပြည်နယ်များ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် သဘောတူ ဆုံးဖြတ်သည်။

(၈) ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားပြုပါတီ(၄)ပါတီ၏ ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူရန်တောင်းဆိုခြင်း၊ လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခြင်း၊လွှတ်တော်ရေးရာ ကော်မတီများကိုဖွဲ့စည်းခြင်းများအား ထောက်ခံကြောင်း သဘောတူ ဆုံးဖြတ်သည်။

(၉) ဤနှီးနှောဖလှယ်ပွဲမှ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှု ပေါ်ပေါက်ရေးကို လတ်တလောလုပ်ငန်းစဉ်အဖြစ် ပူးပေါင်းကြိုးပမ်းသွားကြရန် သဘောတူ ဆုံးဖြတ်သည်။

(၁၀) ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာပြည်ဒီမိုကရေစီထွန်းကားရေးနှင့် ငြိမ်းချမ်းမှုဖြစ်ထွန်းစေရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်လာမှုများအပေါ် ကြိုဆို ထောက်ခံသည်။ ၁၉၉၇ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် တည့်မတ်မှန်ကန်သော ဆုံးဖြတ်ချက်များဖြစ်၍ တာဝန်ရှိသူများအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ရန် တညီတညွတ်တည်း တောင်းဆိုသည်။

(၁၁) မြန်မာပြည်အတွင်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ပြည်ပတင်ပို့မှုများတွင် နအဖစစ်အုပ်စု၏ အဓိကပါဝင် ပတ်သက်နေမှုကို ဆန့်ကျင်ရှုတ်ချကြောင်း သဘောတူ ဆုံးဖြတ်သည်။

(၁၂) နအဖစစ်အာဏာရှင်ကြီးစိုးမှုရှိနေသည့်ကာလအတွင်း မြန်မာပြည်အတွင်းသို့ မည်သည့်ရင်းနှီးမြှုပ်နှံမှုမှန်သမျှ ပြည်ပမှဝင်ရောက်မပြုလုပ်ရန်တောင်းဆိုကြောင်း သဘောတူဆုံးဖြတ်သည်။

(၁၃) ဤ အမျိုးသားသွေးစည်းညီညွတ်ရေးနှီးနှောဖလှယ်ပွဲမှ ဆုံးဖြတ်ထားသည့် သဘောတူဆုံးဖြတ်ချက်များကို ဆက်လက်ထိမ်းသိမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် အဖွဲ့အားလုံး တာဝန်ယူရန်၊ စည်းရုံး ညှိနှိုင်းရေးကော်မတီတရပ်ဖွဲ့စည်း၍ ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်သည်။ ❖



မာနယ်ပလောစာချုပ် ချုပ်ဆိုခဲ့ကြစဉ်က တညီတညွတ်မြင်ကွင်း

### ပါဝင်လက်မှတ်ရေးထိုးကြသောအဖွဲ့အစည်းများ

မြန်မာနိုင်ငံလုံးဆိုင်ရာမွတ်ဆလင်အစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ့လုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းအမျိုးသားတပ်ဦး ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကရင်အမျိုးသားအစည်းအရုံး၊ မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လားဟူဒီမိုကရက်တစ်တပ်ဦး မြန်မာနိုင်ငံမွတ်ဆလင်လွတ်မြောက်ရေးအဖွဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်၊ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၊ဝ အမျိုးသားအဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ ပြည်သူ့ပြည်ချစ်ပါတီ၊ရှမ်းဒီမိုကရက်တစ်အစည်းအရုံး



### ရှုံ့

မိုးရေ့လေတစ
အားလုံးဘဝပေါ် တို့ထိသွား
အဝေးရောက်ပုံရိပ်စစ်များ လှုပ်ကြွ
ကမ္ဘာ့တိုက်ကြီးတချို့ အညောင်းအညာဆန့်ကြပေါ့ ။

စားပွဲဝိုင်းအရေးအခင်းထဲ
ဘေးမျဉ်းတွေမဆွဲ
ကျွဲတဖက် နွားတဖက် ဝါကျတွေမသုံးရင်
ဘူမိနက်သန်ရပ်ဝန်းမှာ
အရာရာ ဖူးပွင့်လာနိုင်ပေရဲ့။

စာရွက်တွေ လှန်မနေပါနဲ့တော့
အာဏာရှင်စနစ်ဟာ
ဘယ်ခေတ်မှာ “ ဝိုင် ” ဖြစ်ဖူးလို့လဲ။

ပျိုးကြဲဖို့
မိုးထဲလေထဲ...ရောက်ရဦးတော့မယ်...။

နေဇော်နိုင်